# ဟေဗြဲ ဩဝါဒစာ

သင်ခန်းစာ တစ်

## ဟေဗြဲ ဩဝါဒစာ၏ နောက်ခံသမိုင်းနှင့် ရေးသားရခြင်း ရည်ရွယ်ချက်

Manuscript

thirdmill

Biblical Education. For the World. For Free.

တတိယ ထောင်စုနှစ် အမှုတော်များ၊ ၂၀၁၂

မူပိုင်ခွင့် အားလုံးကန့်သတ်ထားပြီးဖြစ်သည်။ ဤစာအုပ်၏ မည်သည့် အပိုင်းကဏ္ဍကို မဆို ပညာနှင့် အရည်အသွေး သို့မဟုတ် ပြန်လည် ဆန်းစစ်ခြင်း သို့မဟုတ် ထင်မြင် သုံးသပ်ချက်ပေးခြင်း ရည်ရွယ်ချက်များအတွက် အတိုချုံး ကိုးကားမှု ပြုသည်များမှ လွဲ၍ ထုတ်ဝေသူ တတိယထောင်စုနှစ် အမှုတော်များ အင်ကော်ပိုရိတ်တက် 316 Live Oaks Blvd., Casselberry, Florida 32707 ၏ စာဖြင့် ရေးသား ခွင့်ပြုထားချက် မပါရှိဘဲ မည်သည့် ပုံစံ၊ မည်သည့် နည်းလမ်းဖြင့် ဖြစ်စေ အမြတ်အစွန်း ရရန် အလို့ငှာ ကူးယူ၊ ပွားများခြင်း မပြုရပါ။

တစ်နည်းနည်းနှင့် မပြထားလျှင် ကျမ်းအကိုးအကား အားလုံးသည် Good News Publishers ၏ အမှုတော်တစ်ခုဖြစ်သော Crossway ၏ 2001 ခုနှစ် ထုတ် ESV (English Standard Bible) သမ္မာကျမ်းစာမှ ဖြစ်ပါသည်။ ခွင့်ပြုချက်ဖြင့် အသုံးပြုထားပါသည်။ မူပိုင်ခွင့် အားလုံး ကန့်သတ်ထားပြီး ဖြစ်ပါသည်။

## သာ့ဒ်မစ်လ် အကြောင်း

၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့သော သာ့ဒ်မစ်လ် သည်အမြတ်အစွန်းကို အဓိက မထားသော ဧဝံဂေလိ ခရစ်ယာန် အမှုတော် တစ်ခု ဖြစ်ပါသည်။ သာ့ဒ်မစ်လ်က ပေးအပ်ရန် ရည်စူးထားသည်မှာ-

ကမ္ဘာကြီးအတွက် အခမဲ့ သမ္မာကျမ်းစာ ပညာရေး

ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ကမ္ဘာတလွှားရှိ အမှုတော်အတွက် လုံလောက်သော လေ့ကျင့်ရည် ချို့တဲ့ ကင်းမဲ့သည့် သင်းအုပ်နှင့် ခရစ်ယာန် ခေါင်းဆောင် ထောင်ပေါင်း များစွာအား အခမဲ့ ခရစ်ယာန် ပညာရေးကို ပေးကမ်းရန် ဖြစ်ပါသည်။ ပြိုင်ဖက်ကင်းသော မီဒီယာစုံသင် စာသင်တိုက် သင်ရိုးကို အင်္ဂလိပ်၊ အာရဗစ်၊ တရုတ်၊ ရုရှ နှင့် စပိန် ဘာသာစကားများဖြင့် ထုတ်လုပ်ပြီး ကမ္ဘာ အနှံ့ ဖြန့်ဝေခြင်းအားဖြင့် ဤပန်းတိုင်ကို ကျွန်ုပ်တို့ ဖြည့်ဆည်းနေပါသည်။ ကျွန်ုပ်တို့၏ သင်ရိုးကို ကျွန်ုပ်တို့၏ မိတ်ဖက် အမှုတော်များအားဖြင့် အခြားသော ဘာသာစကား တစ်ဒါဇင်ကျော်သို့ ပြန်ဆိုလျက် ရှိပါသည်။ သင်ရိုးတွင် ရုပ်ပုံများက ထိန်းကျောင်းသော ဗီဒီယိုများ၊ ပုံနှိပ်ထားသော ညွှန်ကြားချက်များ နှင့် အင်တာနက် အရင်းအမြစ်များ ပါဝင်ပါသည်။ ၎င်းကို ကျောင်းများ၊ အုပ်စုများ၊ တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ အွန်လိုင်းတွင်သာမက သင်ယူလေ့လာသော လူ့အဖွဲ့အစည်းများတွင်ပါ အသုံးပြုနိုင်အောင် ပုံစံဆွဲထားပါသည်။

နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံး ပါဝင် ပစ္စည်းနှင့် အရည်အသွေး ရှိသော ဆုရ မီဒီယာစုံသင် သင်ခန်းစာများကို အလွန်ပင် တွက်ချေကိုက်စွာ ပြုစုထုတ်လုပ်ပေးသည့် နည်းစနစ်တစ်ခုကို ကျွန်ုပ်တို့ တိုးတက်ဖွံ့ဖြိုးလာစေခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာရေးသူများနှင့် အယ်ဒီတာများသည် ဓမ္မပညာပိုင်းဆိုင်ရာ လေ့ကျင့်မှု ရှိထားပြီးသော ပညာပေးသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဘာသာပြန်ဆိုသူများသည်လည်း သူတို့၏ ဦးတည် ဘာသာစကားများ၌ ဓမ္မပညာပိုင်းဆိုင်ရာ ကျွမ်းကျင်

လိမ္မာသော ဒေသစကားပြောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ သင်ခန်းစာများတွင်လည်း ကမ္ဘာတလွှားမှ ထောင်ပေါင်းများစွာသော ဂုဏ်အသရေ ရှိ စာသင်တိုက် ပါမောက္ခများနှင့် သင်းအုပ်ဆရာများ၏ ထိုးထွင်းအမြင်များ ပါဝင်ပါသည်။ ဖြည့်စွက်ပြောရလျှင် ကျွန်ုပ်တို့၏ ရုပ်ပုံ ဒီဇိုင်နာများ၊ ပန်းချီဆရာများ၊ ထုတ်လုပ်သူများသည် လုံးဝဥဿုံ ခေတ်မီသော ကရိယာများနှင့် နည်းလမ်းများကို သုံး၍ အမြင့်ဆုံး ထုတ်လုပ်မှု ဆိုင်ရာ စံနှုန်းများကို လိုက်နာထားပါသည်။

ကျွန်ုပ်တို့၏ ဖြန့်ချိရေး ဆိုင်ရာ ပန်းတိုင်များကို ပြီးမြောက်ရန် အတွက် သာ့ဒ်မစ်လ် အနေဖြင့် အသင်းတော်များ၊ စာသင်တိုက်များ၊ ကျမ်းစာကျောင်းများ၊ သာသနာပြုများ၊ ခရစ်ယာန် အသံလွှင့်သူများ၊ ဂြိုလ်တု ရုပ်မြင်သံကြား ဝန်ဆောင်မှုပေးသူများ၊ အခြားသော အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျသော မိတ်ဖက်ဖြစ်မှုကို အခိုင်အမာ ပြုလုပ်ထားပါသည်။ ဤ ဆက်နွယ်မှုများကြောင့် ဒေသခံခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ၊ စာသင်တိုက် စာသင်သားများသို့ ဗီဒီယို သင်ခန်းစာ အမြောက်အများကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များ သည်လည်း ဖြန့်ချိရေး လမ်းကြောင်းများ အဖြစ် အသုံးတည့်နေသလို သင်၏ ကိုယ်ပိုင် လေ့လာသင်ယူ လူ့အဖွဲ့အစည်းကို မည်သို့ စတင်ရမည် ဆိုသည်နှင့် သက်ဆိုင်သည့် သင်ခန်းစာ ပစ္စည်းများ အပါအဝင် ကျွန်ုပ်တို့၏ သင်ခန်းစာများကို ထပ်ဆောင်းဖြည့်ဆည်းပေးရန် အတွက် နောက်ထပ် လိုအပ်သော ပစ္စည်းများကိုလည်း ပေးကမ်းပါသည်။

သာ့ဒ်မစ်လ်ကို အိုင်အာရ်အက်စ်က ကော်ပိုရေးရှင်း 501 C (3) အဖြစ်ဖြင့် အသိအမှတ်ပြုထားပါသည်။ ရက်ရောသည့် အသင်းတော်များ၏ အခွန်လွတ်ငြိမ်းခွင့် ရထားသည့် အလှူငွေများ၊ ဖောင်ဒေးရှင်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် တစ်ဦးချင်း ပုဂ္ဂိုလ်များအပေါ်တွင် ကျွန်ုပ်တို့ အမှီပြုပါသည်။ ကျွန်ုပ်တို့၏ အမှုတော် အကြောင်း ပိုမိုသိရှိရန်နှင့် သင်မည်သို့ ပါဝင်နိုင်ကြောင်း လေ့လာရန် ကျေးဇူး ပြု၍ www.thirdmill.org သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မာတိကာ


**နိဒါန်း ..... 1**

**နောက်ခံသမိုင်း ..... 2**

**ကျမ်းရေးသူ ..... 2**

စာရေးသူကို ဖော်ထုတ်ခြင်း ..... 2

ပုဂ္ဂိုလ်ရေး ဖော်ပြချက် တစေ့တစောင်း ..... 5

**မူလပရိသတ် ..... 8**

ဂျူးမျိုးနွယ် ဖြစ်ခြင်း ..... 9

ဟေလေနစ်မျိုးနွယ် ဖြစ်ခြင်း ..... 9

ရင့်ကျက်မှု မရှိကြခြင်း ..... 10

ညှင်းပန်းနှိပ်စက်ခံကြရခြင်း ..... 11

ယုံကြည်ခြင်းကို စွန့်ပယ်လုနီးနီးဖြစ်ခြင်း ..... 13

**ရက်စွဲ ..... 14**

**ရည်ရွယ်ချက် ..... 15**

**ဆုံးမသြဝါဒ ပေးချက်တို့၏ ပြင်းပြထိရှမှု ..... 18**

အကြိမ် အရေအတွက် ..... 18

အလင်္ကာသုံးစွဲဟန် ..... 19

**ဆုံးမသြဝါဒပေးချက်တို့၏ ပန်းတိုင် ..... 21**

ဒေသန္တရ ဂျူးအစဉ်အလာ သွန်သင်ချက်တို့အား ငြင်းပယ်ရေး ..... 22

ယေရှုအပေါ် ဆက်လက် သစ္စာခိုင်ခြင်း ..... 27

**နိဂုံး ..... 29**





ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သဘ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# နိဒါန်း

ခရစ်တော်နောက် လိုက်သူတို့သည် သမိုင်းတစ်လျှောက်လုံး ညှင်းပန်းနှိပ်စက် ခံခဲ့ကြရသည်။ မရေမတွက်နိုင်သော ခရစ်ယာန်တို့၏ ကြမ္မာသည် ဥစ္စာပစ္စည်း ခိုးယူခံကြရခြင်း၊ အရိုက်အနှက်ခံကြရခြင်း၊ ထောင်သွင်းအကျဉ်းချခံရကြခြင်း နှင့် ခရစ်တော်အတွက် အသက်စွန့်ကြရခြင်းတို့သာ ဖြစ်ခဲ့ကြသည်။ အချို့သော မှတ်တမ်းအစီရင်ခံစာများအရ ယနေ့ ကျွန်ုပ်တို့ ခေတ်ကာလတွင်လည်း ခရစ်တော်နောက် လိုက်သူတို့သည် တစ်နေ့ထက် တစ်နေ့ ပို၍သာ ညှင်းပန်းနှိပ်စက်ခံနေကြရသည်။

အဆိုပါ နှိပ်စက်မှုမျိုး ကြုံတွေ့မနေသော ကျွန်ုပ်တို့လို လူများအတွက် အဆိုပါ ညှင်းပန်းနှိပ်စက်မှုများကြောင့် ဖြစ်ရသည့် သွေးဆောင်မှုများအကြောင်း စိတ်ကူးခံစားမိခဲလှပါသည်။ အေးချမ်းလုံခြုံစွာနေထိုင်ကြရသည့် ခရစ်ယာန်တို့သည် ခြိမ်းခြောက်မှုများ ရှိမနေသည့်တိုင် သူတို့၏ ယုံကြည်ခြင်းကို မကြာခဏ အပေးအယူ လုပ်တတ်ကြသည်။ သို့သော် အဆိုပါ ဆိုးရွားသော အန္တရာယ်များမှ သင့်ကိုယ်တိုင်ကိုသော်၎င်း၊ သင့် ဇနီးခင်ပွန်း သားသမီးနှင့် ဆွေမျိုးရင်းချာတို့ကိုသော်၎င်း ကာကွယ်ရန် သင့်ယုံကြည်ချက်ကို အပေးအယူလုပ်ဖို့ မည်မျှ သွေးဆောင်ခံရလိမ့်မည် ဆိုသည်ကို သင် စိတ်ကူးကြည့်နိုင်ပါသည်။ အဆိုပါ အခြေအနေများအတွင်း ယုံကြည်သူအချင်းချင်း ကျွန်ုပ်တို့ အဖြစ်နိုင်ဆုံး မည်သို့ အားပေးနိုင်ကြပါသနည်း။

ဤအရာသည် ဟေဗြဲစာရေးသူ ကြုံရသည့် စိမ်ခေါ်ချက် ဖြစ်ခဲ့သည်။ အတိတ်က ဆင်းရဲဒုက္ခ ကြုံခဲ့ရပြီး ယခုလည်း ပိုမိုများပြားသော ဆင်းရဲဒုက္ခများ၏ ခြိမ်းခြောက်မှုကို ခံနေရသော ခရစ်ယာန်အုပ်စု တစ်စုသို့ သူရေးခဲ့သည်။ လွန်ခဲ့သည့် နှစ်များစွာက သူတို့ကောင်းစွာ လုပ်နိုင်ခဲ့ကြသော်ငြား နောက်ထပ် ညှင်းပန်းနှိပ်စက်မှုတို့ကို ရှောင်လွှဲဖို့ ခရစ်တော်ထံမှ သူတို့ လှည့်ထွက်သွားကြကောင်း သွားကြမည်လားဟု ဟေဗြဲစာရေးသူ စိုးရိမ်ခဲ့သည်။

ဤအရာသည် ဟေဗြဲသြဝါဒစာ ဟူသော ကျွန်ုပ်တို့၏ သင်ခန်းစာ စာစဉ်ထဲမှ ပထမဆုံး သင်ခန်းစာ ဖြစ်ပြီး "ဟေဗြဲသြဝါဒစာ၏ နောက်ခံသမိုင်းနှင့် ရေးသားရခြင်း ရည်ရွယ်ချက်" ဟု ခေါင်းစဉ် တပ်ထားပါသည်။ ဤသင်ခန်းစာထဲတွင် ဤ နက်နဲရှုပ်ထွေးသော စာစောင်ကို ကျွန်ုပ်တို့ အနက်ဖွင့်ရာတွင် လမ်းညွှန်ပေးမည့် ရှုထောင့်အမြင်များစွာနှင့် ကျွန်ုပ်တို့ မိတ်ဆက်ပေးပါမည်။

ကျွန်ုပ်တို့ပေးထားသည့် ခေါင်းစဉ်အရ ဟေဗြဲသြဝါဒစာစောင်၏ နောက်ခံသမိုင်းနှင့် ရေးသားရခြင်း ရည်ရွယ်ချက်တို့ကို ပုံစံနှစ်မျိုးဖြင့် ကျွန်ုပ်တို့ လေ့လာကြပါမည်။ ပထမဦးစွာ စာစောင်၏ နောက်ခံသမိုင်းကို စဉ်းစားကြပါမည်။ ဒုတိယအားဖြင့် ဟေဗြဲစာစောင်ရေးသားရခြင်းကို ခြုံငုံလွှမ်းမိုးနေသော ရည်ရွယ်ချက်အား ကျွန်ုပ်တို့ အကျဉ်းချုပ် ဖော်ပြကြပါမည်။ ဟေဗြဲသြဝါဒစာ နှင့်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

နီးနွယ်နေသည့် အရေးကြီး နောက်ခံသမိုင်း ဆိုင်ရာ အရေးအရာအချို့၏ ယေဘုယျ ပုံဖော်ချက်နှင့် အစပြုကြပါစို့။

# နောက်ခံသမိုင်း

အချင်းချင်း အပြန်အလှန် ဆက်နွယ်ချိတ်ဆက်နေသော အကြောင်းအရာ သုံးခုကို ဆန်းစစ်လေ့လာခြင်းဖြင့် ဟေဗြဲစာစောင် နောက်ခံသမိုင်းကို ကျွန်ုပ်တို့ လေ့လာဖော်ထုတ်ကြပါမည်။ ပထမဦးစွာ စာရေးသူ မည်သူဖြစ်သည်ကိုဌင်း၊ ထို့နောက် မူလ စာဖတ် ပရိသတ် မည်သူ ဆိုသည်ကို ၎င်း ကျွန်ုပ်တို့ ရှာဖွေကြပါမည်။ နောက်ဆုံးတွင် ဟေဗြဲစာစောင် ရေးချိန်ကို ကျွန်ုပ်တို့ လေ့လာဖော်ထုတ်ကြပါမည်။ ပထမဆုံး ဟေဗြဲစာစောင်ကို မည်သူရေးခဲ့သနည်း ဆိုသည်နှင့် စကြပါစို့။

## ကျမ်းရေးသူ

အစောဆုံး အချိန်ကာလကတည်းကပင် စာစောင်ကို မည်သူရေးခဲ့ကြောင်း အဆိုပြုချက် အမျိုးမျိုး ရှိနှင့်ပြီး ဖြစ်သည်။ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်များကို ထောက်၍ အမှုကိစ္စ နှစ်ခုကိုသာ ကျွန်ုပ်တို့ ဆွေးနွေးပါမည်။ ပထမအားဖြင့် စာရေးသူ မည်သူဆိုသည်ကို ဆွေးနွေးပါမည်။ ဒုတိယအားဖြင့် သူ့စာစောင်ပါ သွင်ပြင်လက္ခဏာအချို့အပေါ် စူးစိုက်ခြင်းဖြင့် စာရေးသူ၏ ပုဂ္ဂိုလ်ရေးရာဇဝင်ကို ကျွန်ုပ်တို့ တည်ဆောက်ယူပါမည်။ စာရေးသူ မည်သူ ဖြစ်ကြောင်းနှင့် စကြပါစို့။

### စာရေးသူကို ဖော်ထုတ်ခြင်း

ဟေဗြဲစာစောင်ရေးသူ မည်သူဖြစ်ကြောင်း ဖော်ထုတ်ခြင်းသည် အခြားဓမ္မသစ်စာစောင်များမှာလောက် မရိုးရှင်း မလွယ်ကူလှပါ။ အကြောင်းမှာ စာရေးသူသည် သူမည်သူဖြစ်ကြောင်း မည်သည့်အခါတွင်မျှ ဖော်ထုတ်ပြခဲ့ခြင်း မရှိသောကြောင့် ဖြစ်သည်။ အသင်းတော် ဖခင်များကာလလောက် စောစီးစွာကပင် အလက်ဇန္ဒြီးယား၌ အေဒီ ၁၅၀ မှ ၂၁၅ အကြား အသက်ရှင် နေထိုင်ခဲ့သော ကလီးမင့် နှင့် အေဒီ ၁၈၅ မှ ၂၅၄ အတွင်း အသက်ရှင်နေထိုင်ခဲ့သော အော်ရီဂင်တို့သည် သူတို့ကာလ၌ ဟေဗြဲစာ ရေးသူနှင့် စပ်လျဉ်း၍ ဝိဝါဒ အမျိုးမျိုးကွဲခဲ့ကြောင်း သိမှတ်ခဲ့ကြသည်။ အစောပိုင်းမှစ၍ တမန်တော် ရှင်ပေါလု ရေးခဲ့ဖွယ်ရှိကြောင်း အများဆုံး အမည်တပ်ခဲ့ကြသည်။ သို့သော် ဓမ္မပညာရှင်တို့က ဗာနဗ၊ လုကာ၊ အာပေါလု၊ ရောမမြို့သား ကလေမင် အထိပင် အကြံပြုခဲ့ကြသည်။

အေဒီ ၃၂၅ ဝန်းကျင်တွင် အသင်းတော် သမိုင်းရေးဆရာ ယူဆီးဘီးယပ်စ်က သူ၏ *အသင်းတော် သမိုင်း* စာအုပ် အတွဲ ၆၊ အခန်း ၂၅၊ ကဏ္ဍ ၁၄ထဲတွင် ဟေဗြဲစာစောင်၏ စာရေးသူ မည်သူဖြစ်ကြောင်း အော်ရီဂင့် အမြင်ကို ထည့်သွင်းကိုးကားထားသည်မှာ ယခုလို ဖြစ်သည်။

> (ဟေဗြဲဩဝါဒ) စာစောင်ကို မည်သူရေးသနည်း ဆိုသည်နှင့် ပတ်သက်လျှင် ယင်းကိစ္စအကြောင်း သမ္မာတရားကို ဘုရားသခင်သိတော်မူပါသည် ဟူ၍ ကျွန်ုပ်တို့ ဖတ်ရသည်။

အော်ရီဂင်၏ မှတ်ချက်သည် သူတို့ကာလ၌ သူနှင့်တကွ အခြားသူများစွာတို့ မည်မျှလောက် မသေမချာ ဖြစ်ခဲ့ကြောင်း ပေါ်လွင်နေစေသည်။ ယနေ့ ကျမ်းစာပညာရှင် အများစုကလည်း အလားတူ သဘောရကြသည်။ စာစောင်ကို မည်သူရေးခဲ့ကြောင်း ဘုရားသခင်သာလျှင် အသေအချာ သိတော်မူပေသည်။

အကြောင်းမလှစွာပင် စာရေးသူမည်သူနည်း ဆိုသည့် မေးခွန်းများနှင့် အယူလွဲအုပ်စုအချို့၏ ဟေဗြဲစာစောင်ကို အလွဲသုံးခဲ့ပုံများသည် အသင်းတော်ဖခင်များ ခေတ်ကာလအတွင်း အချို့သူတို့အား ဓမ္မသစ်ကျမ်းရင်းထဲ ဟေဗြဲဩဝါဒ စာစောင် ထည့်သင့်ပါရဲ့လား ဆိုသည်အထိ သံသယပွားစေခဲ့သည်။ ဟုတ်ပါသည်။ အေဒီ ၉၉ ဝန်းကျင် အနိစ္စရောက်ခဲ့သော ရောမမြို့သား ကလေမင် လို ထင်ရှားသော ပညာရှင်တို့သည် ဟေဗြဲဩဝါဒစာစောင်အား အခြားသော ဓမ္မသစ်စာစောင်များနှင့် တန်းတူ သဘောထား ခဲ့သည်။ အေဒီ ၁၀၀ မှ ၁၆၅ ထိ အသက်ရှင်နေထိုင်ခဲ့သော ဂျပ်စ်တင် မာတာ ကလည်း အလားတူ ရှုမြင်ခဲ့သည်။ သို့သော် အေဒီ ၁၄၄ ဝန်းကျင်တွင် ပြုစုသော မာဆီယွန်နိုက် ကျမ်းရင်းနှင့် အေဒီ ၁၇၀ ဝန်းကျင်တွင် ပြုစုသော မူရက်တိုးရီးယန်း ကျမ်းရင်းတို့ကမူ ဟေဗြဲစာစောင်ကို ချန်လှပ်ထားခဲ့သည်။ အသင်းတော်ဖခင်များ ခေတ်ကာလ ကုန်ဆုံးကာနီးတွင်မူ အရှေ့တိုင်းနှင့် အနောက်တိုင်း အသင်းတော်တို့မှ ဩဇာရှိသော အနက်ဖွင့်ဆရာ အများစုတို့သည် ဟေဗြဲစာစောင်အား ကျမ်းရင်းဝင်အဖြစ် အသိအမှတ် ပြုလာခဲ့ကြသည်။ ထို့ပြင် စာရေးသူသည် တမန်တော် ရှင်ပေါလု ဖြစ်ကြောင်း သူတို့ ယေဘူယျ သဘောတူခဲ့ကြသည်။

ဟေဗြဲစာစောင်ကို ရှင်ပေါလု ရေးခဲ့ကြောင်း အလယ်ခေတ် တစ်လျှောက်လုံး ပညာရှင် ခေါင်းဆောင်ပိုင်းအများစု ဆက်လက် ယုံကြည်လာခဲ့ကြသည်။ သို့သော် ပြုပြင်ပြောင်းလဲရေးကာလအတွင်း ပရိုတက်စတင့် ပြုပြင်ပြောင်းလဲရေးသမားတို့က ရှင်ပေါလု ရေးသားခဲ့ပါသည်ဆိုသော အစဉ်အလာအမြင်နှင့် အခြားသော ဂိုဏ်းဂဏဆိုင်ရာ အစဉ်အလာများစွာအပေါ် မေးခွန်းထုတ်ခဲ့ကြသည်။ မာတင်လူသာက အာပေါလု ဖြစ်ကြောင်း အကြံပြုသည်။ ဂျွန်ကယ်လဗင် က မည်သူရေးသည်ကို အကြံမပြုသော်လည်း ပေါလုရေးခြင်း မဖြစ်နိုင်ကြောင်း အခိုင်အမာ ဆိုခဲ့သည်။

ယနေ့ အနက်ဖွင့် ဆရာ အများစုက ပေါလုရေးသည် ဆိုသည်ကို လက်မခံကြပါ။ အဆိုပါ ရပ်တည်ချက်အတွက် အကြောင်းရင်း သုံးချက်ကို ကျွန်ုပ်တို့ ဆွေးနွေးကြပါမည်။ ဦးစွာ ကျွန်ုပ်တို့ ဖော်ပြခဲ့ပြီးသလို ဤစာစောင်သည် ရေးသူမည်သူမည်ဝါ ဖော်ပြထားခြင်း မရှိပါ။ ရှင်ပေါလုသည်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သွားဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သူ့စာများ၌ သူ့အမည်ကို ထည့်သွင်းသည့် အလေ့ ရှိခဲ့သည်။ အမှန်စင်စစ် သူ့အမည်ကို သုံးပြီး အတုအပရေးသားမှုများ ပျံ့နှံ့နေသည့် အပေါ် ပေါလု အလွန်ဂရုစိုက်ခဲ့ကြောင်း ၂ သက် ၂း၂ ကရှင်းရှင်း ပြဆိုထားသည်။ ထို့ကြောင့် ဟေဗြဲစာစောင်ကို သူရေးခဲ့သည်ဆိုပါက သူ့အမည် မဖော်ပြဘဲထားမည်ဆိုသည်မှာ ဖြစ်နိုင်ဖွယ် မရှိပုံ ရသည်။

ဒုတိယအားဖြင့် ဟေဗြဲစာစောင်သည် ပေါလု စာစောင်များထဲ ကြီးကြီးကျယ်ကျယ် အာရုံစိုက်မခံရသည့် အကြောင်းအရာတို့အပေါ် အလေးပေးထားပြန်သည်။ ဥပမာ ဆိုရလျှင် ဟေဗြဲစာရေးသူသည် မေလခိဇေဒက် အကြောင်း သုံးကြိမ်သုံးခါ ဖော်ပြထားသည်။ ဓမ္မဟောင်း တဲတော်အပေါ် သူ အာရုံစိုက်စေခဲ့သည်။ ထို့ပြင် ခရစ်တော်ကို ယာဇ်ပရောဟိတ်မင်းအကြီး အဖြစ် အကျယ်တဝင့် သူ တင်ဆက်ခဲ့သည်။ ခြုံပြီး ဆိုရလျှင် အဆိုပါ အာဘော်တို့သည် ပေါလုရေးကြောင်း ကျွန်ုပ်တို့ သိမှတ်ထားသည့် စာစောင်တို့မှ ဟေဗြဲစာစောင်ကို ခွဲထုတ်ပေးထားသည်။

တတိယအားဖြင့် ပေါလုရေးသည်ဆိုသည့်အပေါ် အခိုင်မာဆုံး သံသယပွားစေသည့် အချက်မှာ ဟေဗြဲစာရေးသူသည် မိမိကိုယ်အား ပထမ မျိုးဆက် ယေရှုနောက်လိုက်တို့မှ ခပ်ကွာကွာ နေထားခြင်း ဖြစ်သည်။ ဟေဗြဲ ၂း၃ ပါ

> အစအဦး၌ သခင်ဘုရား ဟောတော်မူ၍ ဒေသနာစကားတော်ကို ကြားရသောသူတို့သည် ယုံလောက်သော သက်သေအားဖြင့် .... သော ကယ်တင်ခြင်း ဟူသော စကားလုံးများကို နားထောင်ကြည့်ပါ။

ဤနေရာတွင် ကယ်တင်ခြင်းတရားကို မည်သို့ "အစအဦး၌ သခင်ဘုရား ဟောတော်မူခဲ့ကြောင်း"ဟေဗြဲစာရေးသူက ဖော်ပြခဲ့သည်ကို သတိမူပါ။ တနည်းအားဖြင့် ယေရှုကိုယ်တော်တိုင် ဟောခဲ့ပြီး ကြားနာသူတို့က ယုံလောက်သော သက်သေများအားဖြင့် ဆင့်ဆိုဟောပြောခဲ့ခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ ယေရှုထံမှ တိုက်ရိုက်ကြားနာသူများက စာရေးသူနှင့် သူ့ပရိသတ်တို့ အတွက် မှန်ကန်ကြောင်း သက်သေထူပေးထားသည့် ဝမ်းမြောက်ဖွယ် သတင်းကောင်း သည် သူတို့၌ ရှိနေခဲ့သည်။ ခရစ်ယာန် ယုံကြည်ခြင်းတရားကို တဆင့်ခံ ရရှိကြောင်း စာရေးသူ၏ ဝန်ခံထားချက်သည် ဧဝံဂေလိတရားကို ယေရှုထံမှ သူတိုက်ရိုက် ရရှိခဲ့ကြောင်း ပေါလု ဖော်ပြရာ ဂလာတိ ၁း၁၊ ၁း၁၁ နှင့် ၁၂ တို့လို ကျမ်းပိုဒ်များနှင့် ဆန့်ကျင်ကွဲလွဲနေသည်။

> "ဟေဗြဲစာစောင်ကို မည်သူရေးခဲ့ပါသနည်း" ဟူသော မေးခွန်းအတွက် အတိုဖြေရမည်ဆိုပါက ကျွန်ုပ်တို့ မသိပါ ဟူ၍သာ ဖြစ်ပါသည်။ သူ မည်သူဆိုသည်နှင့် ပတ်သက်ပြီး ကျွန်ုပ်တို့မှာ သဲလွန်စ အချို့ရှိထားပါသည်။ အသင်းတော် သမိုင်းတစ်လျှောက် အဆိုပါ မေးခွန်းအတွက် အဖြေများစွာ ပေးခဲ့ကြပြီး ဖြစ်သည်။ ထို့ကြောင့် ပေါလုရေးခဲ့သည်ဟု အသင်းတော်က နှစ်ပေါင်းများစွာ ယူဆခဲ့သည်။ ပေါလု မဖြစ်နိုင်ဟု ကျွန်ုပ်ထင်ပါသည်။ အကြောင်းမှာ ဟေဗြဲစာစောင်နှင့် ပေါလုပေးစာတို့အကြား ကွဲလွဲမှုများ ရှိနေ၍



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ဖြစ်သည်။ ဥပမာအားဖြင့် ပေါလုသည် အမြဲတစေ သူကိုယ်သူ ဖော်ပြမိတ်ဆက်ပြီး ထို့နောက်မှ စာဖတ်ပရိသတ်များကို ပြောဆိုသည့် အလေ့ ရှိသည်။ ဟေဗြဲစာစောင်သည် ထိုအတိုင်း လိုက်နာခြင်း မရှိပါ။ ဟေဗြဲစာစောင်တွင် ခရစ်တော်အား ယာဇ်ပရောဟိတ်မင်းအဖြစ် တင်ဆက်သော အာဘော်များ ရှိနေပြီး ၎င်းတို့ကို ပေါလုပေးစာများထဲ တွေ့မြင်ရခဲ့သည်။ သို့ဖြစ်၍ ပေါလုသည် စာရေးသူ ဖြစ်ဖွယ်မရှိပါ။ ဗာနဗ သို့မဟုတ် အာပေါလု ဖြစ်နိုင်ကြောင်း အခြား အကြံပြုချက်များလည်း ရှိသည်။ မာတင်လူသာက အာပေါလု သို့မဟုတ် ပြစ်ကိလ ဖြစ်မည်ဟု ယူဆသည်။ သို့တစေ ကျွန်ုပ်တို့ မသိနိုင်ကြပါ။ ဟေဗြဲစာစောင် ရေးသူသည် ဒုတိယ မျိုးဆက် ယုံကြည်သူ ဖြစ်သည် ဆိုသည်ကိုသာ ကျွန်ုပ်တို့ အများဆုံး ပြောနိုင်ပါသည်။ အခန်းကြီး ၂ ထဲတွင် ခရစ်တော်ထံမှ ကြားရပြီးနောက် ကြားရသမျှကို ပြန်လည် လက်ဆင့်ကမ်းသူများ အကြောင်းကို ကိုးကားထားသဖြင့် စာရေးသူသည် မိမိကိုယ်မိမိ ဒုတိယ မျိုးဆက်ထဲ အပါအဝင်ဖြစ်ကြောင်း မှတ်ယူထားပုံပေါ်သည်။
>
> **ဒေါက်တာ Stephen E. Witmer**

ဟေဗြဲစာစောင် ရေးသူ အကြောင်း ကျွန်ုပ်တို့ လေ့လာပြီးနောက် ရေးသူ အမည်ကို မသိရကြောင်း တွေ့ရပြီး ဖြစ်သည်။ သို့သော် စာရေးသူ၏ ပုဂ္ဂိုလ်ရေးဖော်ပြချက် တစေ့တစောင်းကို ကျွန်ုပ်တို့ တည်ဆောက်ယူနိုင်ဆဲ ဖြစ်ပါသည်။

## ပုဂ္ဂိုလ်ရေး ဖော်ပြချက် တစေ့တစောင်း

အချိန်ကို ထောက်ထား၍ စာရေးသူအကြောင်း သိသာထင်ရှားစွာ ဖော်ပြသည့် လက္ခဏာ နှစ်ခုကိုသာ ကျွန်ုပ်တို့ ပြည့်စုံလိုပါသည်။

ပထမ အားဖြင့် ဟေဗြဲ စာစောင် ရေးသူသည် ဟေလေနစ် ဂျူးတစ်ဦး ဖြစ်သည်။ ယနေ့ ပညာရှင် အများစုက ဟေဗြဲစာစောင်ကို ပေါလု မရေးခဲ့ကြောင်း သဘောညီကြသည်။ အဆုံးတွင်မူ အော်ရီဂင်နှင့် အတူ ဘုရားသခင်သာ သိပါသည်ဟု ကောက်ချက်ချခြင်းကသာ အကောင်းဆုံး ဖြစ်ပါသည်။ ဟေဗြဲစာစောင် မည်သူရေးကြောင်း နှစ်ပေါင်းများစွာ ငြင်းခုံလာခဲ့လင့်ကစား ထိုအငြင်းအခုံသည် ကျမ်းစာသားထဲ တွေ့ရသည့် သဲလွန်စများက ပေးသော စာရေးသူနှင့် သူ့စရိုက်လက္ခဏာများအကြောင်း ကျွန်ုပ်တို့ တတ်စွမ်းသမျှ လေ့လာမှုအတွက် အတားအဆီး မဖြစ်သင့်ပါ။

ဂျူးနှင့် ဟေလသ ဩဇာ အရှိန်အဝါနှစ်ခုလုံးသည် စာရေးသူနှင့် သူ့စာစောင်ကို ပုံဖော်ထားကြောင်း ကျမ်းစာသားအရ ကျွန်ုပ်တို့ သိနိုင်သည်။ စာရေးသူ၏ ဓမ္မဟောင်း သိကျွမ်းမှုကို

ကြည့်ခြင်းဖြင့် သူ၏ ဂျူးနောက်ခံ အမွေအနှစ်ကို အခိုင်အမာ မြင်နိုင်သည်။ အမှန်စင်စစ် အခန်းကြီး ၁၃ ခန်းထဲတွင် အနည်းဆုံး ၃၁ ကြိမ်ခန့် ဓမ္မဟောင်းကျမ်းကို သူကိုးကားခဲ့သည်။

စာရေးသူသည် ဟေလေနစ် ရေခံမြေခံအတွင်း ကြံ့ခိုင်စွာ ကြီးပြင်းခဲ့သည်မှာလည်း ထင်ရှားပေါ်လွင်နေသည်။ စာရေးသူသည် ဟေလေနစ် ဂျူးတစ်ဦးဖြစ်ကြောင်း လွန်ခဲ့သည့် ကာလများ၌ အနက်ဖွင့်သူတို့က ပြဆိုရာ၌ ဓမ္မဟောင်းကို ဂရိလို ပြန်ဆိုထားသည့် ဆက်ပ်ကျူးအေးဂျင့်ကျမ်းအား သူ အသုံးပြုပုံသည့်ပုံစံကို သက်သေအဖြစ် ညွှန်ပြခဲ့ကြသည်။ နောက်ဆုံး ရာစုနှစ်ဝက် ရောက်လာချိန်တွင်မူ ပင်လယ်သေ ကျမ်းစာလိပ်များကို သုတေသနပြုချက် အရ ဆက်ပ်ကျူးအေးဂျင့် ကျမ်းမှ တိုက်ရိုက်လာသည်ဟု ကနဦး မှတ်ယူခဲ့သော အကိုးအကားတို့သည် အစဉ်အလာမဟုတ်သော ဟေဗြဲ ကျမ်းစာသားများမှ လာခဲ့ခြင်း ဖြစ်နိုင်ကြောင်း တွေ့ကြရသည်။ ထိုအကြောင်းကြောင့်ပင် ဟေဗြဲစာစောင်ရေးသူသည် ဆက်ပ်ကျူးအေးဂျင့်ကျမ်းကို အသုံးပြုခဲ့ကြောင်း ကျွန်ုပ်တို့ အသေအချာ မပြောနိုင်ကြပါ။

ဤသို့ တွေ့ရလင့်ကစား ဟေဗြဲစာစောင် ရေးသူသည် ဟေလေနစ် လူမျိုးတစ်ဦး ဖြစ်ကြောင်း ကျွန်ုပ်တို့ စိတ်ချနိုင်ကြဆဲ ဖြစ်သည်။ သူ၏ ခေတ်မီသော ဂရိစာပေအသုံးအနှုန်းက ဟေလေနစ် ရေခံမြေခံထဲ ကြီးပြင်းခဲ့ကြောင်း သက်သေခံနေသည်။ ထို့ပြင် သူ၏ ဝေါဟာရ အသုံးအနှုန်းနှင့် ရေးသားဟန်တို့ကလည်း ရှင်လုကာ၏ အရေးအသားများထက်ပင် သာလွန်ထူးကဲသည့် ဘာသာစကား ကျွမ်းကျင်ပိုင်နိုင်မှုသက်သေကို ပေးနေသည်။

စိတ်ဓာတ်ပြင်းပြသော ပညာတတ် ဟေဗြဲစာစောင်ရေးသူသည် ဟေလေနစ် ဂျူးတစ်ယောက် ဖြစ်ရုံမက စိတ်ဓာတ်ပြင်းပြသော ပညာတတ်တစ်ဦး ဖြစ်ကြောင်းကိုလည်း သူ့ ပုဂ္ဂိုလ်ရေး ဖော်ပြချက်၌ ထပ်ထည့်နိုင်ပါသေးသည်။ ဟေဗြဲစာစောင်ရေးသူသည် ပညာတတ်တစ်ဦး ဖြစ်ကြောင်း အနက်ဖွင့်သူတို့က ကျယ်ကျယ်ပြန့်ပြန့် သိမှတ်ထားကြသည်။ ဟေဗြဲစာစောင်ထဲမှ ဓမ္မပညာပိုင်းဆိုင်ရာ အဆိုပြုတင်ပြချက်တို့သည် ကျန်ဓမ္မသစ် စာစောင်များထဲ တွေ့ရသည့် အဆိုများစွာတို့ထက် ပိုမိုရှုပ်ထွေးခက်ခဲကြသည်။ အမှန်ဆိုရလျှင် ကောင်းကျိုး မကောင်းကျိုးကို ပိုင်းခြားနိုင်ရန်အတွက် ခရစ်တော်၏ လူတို့သည် ဩဝါဒ ဆိုင်ရာတို့၌ စုံလင်ပြည့်ဝရန် လိုအပ်ကြောင်း ညွှန်ပြသည့် ဟေဗြဲ ၅း၁၃-၁၄ ကဲ့သို့သော ကျမ်းပိုဒ်များထဲတွင် စာရေးသူသည် ခေတ်အချိန်အခါနှင့်လျော်ညီ လိုက်ဖက်သော ဓမ္မပညာ ထင်ဟပ်ဖော်ပြမှုကို သတိပြုမှတ်သားခဲ့သည်။

> ဟေဗြဲစာစောင်၏ ပါဝင်အကြောင်းအရာများကို ကြည့်၍ စာရေးသူအကြောင်း ကျွန်ုပ်တို့ ပြောဆိုနိုင်သော အရာ များစွာ ရှိနေသည်။ တစ်ခုမှာ သူသည် ဉာဏ်ပညာ ထက်မြက်သူ ဖြစ်သည် ဆိုသည့်အချက် ဖြစ်သည်။ ဓမ္မဟောင်းကျမ်းကို ဂရိလို ပြန်ဆိုထားသော ဆက်ပ်ကျူးအေးဂျင့်ကျမ်းကို အပြန်ပြန် အလှန်လှန် သူသိသည်။ ရှေးရိုးအစဉ်အလာလိုက်သည့် ဂျူးပရိသတ်တို့ကို သေချာပေါက် ဆွဲဆောင်ရာ ရောက်အောင် ကျမ်းပိုင်းများအား မည်သို့ ဆက်စပ်ချိတ်ဆက်ရမည်ကို သူသိသည်။ သူသည်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ဟေလေနစ် ဂျူးတစ်ယောက် ဖြစ်နိုင်ပါသည်။ ဟေလေနစ် ဂျူး ပရိသတ်သို့ ဦးတည်ရေးသားတာ ဖြစ်နိုင်ပါသည်။ "ဟေလေနစ် ဂျူး" ဟု ကျွန်ုပ် ခေါ်ဆိုသည့်အခါ ဂရိစကားပြောပြီး ပါလက်စတိုင်းနယ်မြေ ပြင်ပ၌ ကွဲလွင့် နေထိုင်ကြသော်လည်း ဂျူး အစဉ်အလာများကို အလွန်ပင် ဆက်ကပ်အပ်နှံထားပြီး ကျမ်းစာဆိုင်ရာတွင် အလွန် ကျွမ်းကျင် သိတတ်လိမ္မာသောသူဟု ဆိုလိုချင်တာ ဖြစ်ပါသည်။

**ဒေါက်တာ Craig S. Keener**

ဟေဗြဲစာရေးသူအား ပညာတတ်တစ်ဦးအဖြစ် မှတ်ယူသင့်သော်လည်း သူသည် သွေးအေးပြီး လက်တွေ့နှင့်ကင်းကွာသော ပညာသည်မျိုး မဟုတ်ပါ။ သူသည် ခရစ်ယာန် ယုံကြည်ခြင်းတရားနှင့် စပ်ဆိုင်လျှင် နက်ရှိုင်းပြင်းပြသော စိတ်ဓာတ်မျိုး ရှိသည်။ ခရစ်ယာန်ညီအစ်ကို မောင်နှမ အချင်းချင်း အပေါ်ထားရှိသော ဆက်ကပ်ရည်စူးမှုနှင့် ပြင်းပြသော စိတ်ဇောအဟုန်တို့သည် သူ့အရေးအသားများ၌ ပေါ်လွင်ထင်ရှားသည်။

ဟေဗြဲ ၁၀း၃၃-၃၄ ၌ သူ့ပရိသတ်နှင့်အတူ သူမျှဝေခံစားပုံကို နားထောင်ကြည့်ပါ။

> သင်တို့သည် လူများရှေ့မှာ ကဲ့ရဲ့ညှဉ်းဆဲခြင်းကို ခံရသဖြင့်၎င်း၊ ထိုသို့ ခံရသောသူတို့နှင့် ဆက်ဆံသော အပေါင်းအဖော် ဖြစ်သဖြင့်၎င်း၊ သင်တို့သည် အကျဉ်းခံရသောသူတို့အတွက်ကြောင့် ကြင်နာသောစိတ် ရှိရသည်သာမက ကိုယ့်ပစ္စည်း ဥစ္စာများကို သူတပါး လုယူဖျက်ဆီးသော်လည်း ကိုယ်သုံးစရာဖို့ ကောင်းကင်ဘုံ၌ သာ၍မြတ်သော အမြဲတည်သော ဘဏ္ဍာရှိသည်ကို သိ၍ လုယူဖျက်ဆီးခြင်းကို ဝမ်းမြောက်သောစိတ်နှင့် ဝန်ခံကြ၏ (ဟေဗြဲ ၁၀း၃၃-၃၄)။

ထိုနည်းတူ ၁၂း၁-၂ တွင် ခရစ်တော်အတွက် သူထားရှိသော ပြင်းပြသည့်စိတ်ကို သူဖော်ပြရာ၌

> ထို့ကြောင့် ဤမျှလောက် များစွာသော သက်သေအပေါင်းတို့သည် ငါတို့ကို ဝိုင်းရံလျက် ရှိကြသည်ဖြစ်၍ ငါတို့သည် ခပ်သိမ်းသော ဝန်တို့ကို၎င်း၊ နှောင့်ယှက်တတ်သော ဒုစရိုက်ကို၎င်း ပယ်ရှား၍ ငါတို့မျက်မှောက်၌ ထားသော ပန်းတုံးတိုင်သို့ ရောက်ခြင်းငှာ အားမလျော့ဘဲ ပြေးကြကုန်အံ့။ ယုံကြည်ခြင်းကို အစအဦး စီရင်၍ စုံလင်စေတော်မူသော သခင်ယေရှုကို စေ့စေ့ထောက်ရှုကြကုန်အံ့။ ထိုသခင်သည် မိမိရှေ့၌ထားသော ဝမ်းမြောက်ခြင်းအကြောင်းကြောင့် ရှက်ကြောက်သောအရာကို မမှတ်ဘဲ လက်ဝါးကပ်တိုင်၌ ခံပြီးမှ ဘုရားသခင်၏ ပလ္လင်တော် လက်ျာဘက်တွင် ထိုင်နေတော်မူ၏ ဟု ဆိုခဲ့သည် (ဟေဗြဲ ၁၂း၁-၂)။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

စာရေးသူသည် ပုဂ္ဂိုလ်ရေး မဆန်သူ ဖြစ်သည်ဟု ထင်မြင်ယူဆဖို့ အလွန်ခဲယဉ်းကြောင်း သဘောမပေါက်ပါက အဆိုပါကျမ်းပိုဒ်များနှင့် အလားတူသည်များကို ဖတ်ရန် ခက်ခဲပါသည်။ သူ့ပရိသတ်နှင့် ခရစ်တော်တို့အတွက် သူ့မှာ ပြင်းပြသောစိတ်ဇောရှိသည်။ ဤစိတ်ဇောကို ကျွန်ုပ်တို့ မမိလိုက်ပါလျှင် ဤစာစောင်၏ အပေါ်လွင်ဆုံး သွင်ပြင်လက္ခဏာတစ်ခုနှင့် ကျွန်ုပ်တို့ လွဲချော်နိုင်ပါသည်။

> စာရေးသူအကြောင်းနှင့် စပ်လျဉ်း၍လည်း ကျွန်ုပ်တို့ လေ့လာရရှိသည်မှာ သူဟောပြောနေသော၊ ဦးတည်ရေးသားနေသော လူတို့အတွက် အမှန်တကယ်ပင် အလေးပေး ဂရုစိုက်သည် ဆိုသည့် အချက် ဖြစ်သည်။ သူ့လူတို့၏ ဝိညာဉ်ရေး စိတ်မပါလက်မပါ ဖြစ်ခြင်းအပေါ် သူ အလေးပေး ဂရုစိုက်သည်။ ထို့ကြောင့် အားလျော့လာမှု၊ မောပန်းနွမ်းလျလာမှု သို့မဟုတ် ရွေ့လျော့ကျဆင်းလာမှု အန္တရာယ်ဆီသို့ သူ ပြန်ပြန်၍သာ ရောက်ရောက်လာသည်။ ထို့ကြောင့် သူသည် လက်ဖျားခါရလောက်သော ကျမ်းစာ အနက်ဖွင့် ဓမ္မပညာရှင် တစ်ဦး ဖြစ်သည်။ သို့သော် တစ်ချိန်တည်းမှာပင် သူ့ပရိသတ်ကို အထူးတလည် ကောင်းစွာသိသော၊ ပုဂ္ဂိုလ်ရေးဆန်ဆန် အထူးသိကျွမ်းမှုရှိကြောင်း အလွန်ပင် ထင်ရှားပေါ်လွင်သော ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်မှာလည်း သေချာပါသည်။ သူတို့ကို အမှန်တကယ်ပင် သူဂရုစိုက်ခဲ့ပါသည်။ ဓမ္မပညာပေးခြင်း၊ သမ္မာကျမ်း အနက်ဖွင့်ခြင်းနှင့် လက်တွေ့ အသုံးချခြင်းရှုထောင့်တို့မှ သူတို့၏ ဝိညာဉ် ဘုရားဖူး ခရီးစဉ်အတွင်း သူတို့အား ကူညီမစရေးအတွက် သူလုပ်ပေးနိုင်သမျှ အရာရာကို စနစ်တကျ စုစည်းပေးနေခဲ့ပါသည်။
>
> **ဒေါက်တာ Eckhard Schnabel**

ဟေဗြဲ စာစောင် နောက်ခံသမိုင်းအကြောင်း ကျွန်ုပ်တို့ ယခုထိ ဆွေးနွေးသမျှ မည်သူ ရေးသည် ဆိုသည့်အပေါ်မှာသာ ကျွန်ုပ်တို့ စူးစိုက်ခဲ့ကြသည်။ ယခုမူကား ကျွန်ုပ်တို့၏ ဒုတိယ အရေးကိစ္စဖြစ်သော ဟေဗြဲစာစောင်၏ မူလ ပရိသတ်အကြောင်းကို ဆက်လေ့လာရန် လိုပါသည်။

# မူလပရိသတ်

ဟေဗြဲစာစောင်သည် ၎င်း၏ မူလပရိသတ်နှင့် ပတ်သက်၍ မည်သည့်မြို့ မည်သည့် အရပ်ဒေသဖြစ်ကြောင်း အမည်တပ် ဖော်ပြထားခြင်း မရှိပါ။ သို့တစေ ယေဘူယျ ဆိုရလျှင် စာရေးသူသည် သူနှင့် ပုဂ္ဂိုလ်ရေး ရင်းနှီးကျွမ်းဝင်သော သီးသန့် လူအုပ်စု တစ်စုသို့ ဦးတည်ရေးသားကြောင်း ကျွန်ုပ်တို့ စိတ်ချနိုင်ပါသည်။ ၁၃း၁၉-၂၄ တွင် စာရေးသူသည် သူတို့ထံ တစ်ဖန်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ပြန်လာရန် ရည်ရွယ်ထားကြောင်း သူ့ပရိသတ်တို့အား အာမခံခဲ့သည်။ "ငါတို့ညီ"ဟု သူခေါ်ဆိုသည့် တိမောသေ အကြောင်းကို သူပြောခဲ့သည်။ သူ့ပရိသတ် သိကျွမ်းပုံရသည့် အီတလီပြည်မှ လူတစ်စုကိုလည်း သူရည်ညွှန်းခဲ့သည်။

ဟေဗြဲ စာစောင်ကို လေ့လာသည့်အခါ ကျွန်ုပ်တို့ ထည့်စဉ်းစားသင့်သည့် ဤ မူလ ပရိသတ် အကြောင်း အရေးပါသည့် အချက် ငါးချက်ကို ကျွန်ုပ်တို့ ကြည့်ကြပါမည်။

## ဂျူးမျိုးနွယ် ဖြစ်ခြင်း

ပထမဦးစွာ မူလပရိသတ်၏ အများစုသည် အနည်းဆုံး ဂျူးမျိုးနွယ်များ ဖြစ်ခဲ့ကြောင်း ယူဆဖို့ အကြောင်းလုံလောက်နေသည်။ ဟေဗြဲ ၁း၁ က ဤအချက်ကို ရှင်းရှင်းပြဆိုထားသည်။

> ဘုရားသခင်သည် ရှေးလွန်လေပြီးသောအခါ ပရောဖက်များအားဖြင့် ငါတို့ဘိုးဘေးတို့အား အထပ်ထပ် အနည်းနည်း ဗျာဒိတ်ပေးတော်မူခဲ့သည် (ဟေဗြဲ ၁း၁)။

ဓမ္မဟောင်းကာလ၌ ဘုရားသခင်သည် မိမိကိုယ်ကို ဣသရေလလူမျိုးများသို့ မည်သို့ ဗျာဒိတ်ဖွင့်ပြခဲ့ကြောင်း ဤနေရာတွင် စာရေးသူ ဖော်ပြခဲ့သည်။ သို့သော် ဓမ္မဟောင်း ဣသရေလတို့အား "ငါတို့ ဘိုးဘေးတို့" ဟူ၍ စာရေးသူအပါအဝင် သူ့ပရိသတ်တို့၏ ဘိုးဘေးတို့အဖြစ် သူ ခေါ်ဆိုခဲ့ကြောင်း သတိပြုရပါမည်။

အေဒီ ၁၅၅ မှ ၂၃၀ ထိ နေထိုင်သက်ရှင်ခဲ့သော တာတူလျံ လက်ထက်လောက်ကပင် ဤစာစောင်နှင့် တွဲထားသော အစဉ်အလာခေါင်းစဉ်သည် *"ပရို့စ် ဟီဘရိုင်းယပ်စ်"* "ဟေဗြဲလူမျိုးနွယ်တို့အတွက်" ဟူ၍ ဖြစ်ခဲ့ခြင်းသည် အံ့ဩဖွယ် မဟုတ်ပါ။

## ဟေလေနစ်မျိုးနွယ် ဖြစ်ခြင်း

ဒုတိယအားဖြင့် ပရိသတ်အများစုသည် ဟေလေနစ် လူမျိုးနွယ်လည်း ဖြစ်ဖွယ် ရှိသည်။ ပရိသတ်သည် ပါလက်စတိုင်းဒေသအတွင်း နေထိုင်လျက်ရှိကြသည့် အစဉ်အလာ ဂျူးအသိုင်းအဝိုင်းကြားမှာထက် ပါလက်စတိုင်းပြင်ပတွင် နေထိုင်နေသည့် ဂျူးလူမျိုးများအကြား ပိုအသိများသည့် ဓမ္မပညာပိုင်းဆိုင်ရာ သွန်သင်ချက်များနှင့် ရင်းနှီးမှုရှိကြောင်း ဟေဗြဲစာစောင်၏ ပါဝင် အကြောင်းအရာက ညွှန်ပြနေသည်။

အနက်ဖွင့်သူ များစွာက ပါလက်စတိုင်း ပြင်ပ ဂျူးများ နေထိုင်ရာနေရာ မည်သည့်နေရာဖြစ်သည်ကို ကြိုးစား ဆုံးဖြတ်ခဲ့ကြပြီး ဖြစ်သည်။ အေဒီ ၉၅ လောက်ကပင် ဤစာစောင်အား ရောမမြို့သား ကလေမင် ၏ ဩဝါဒစာပထမစောင်က ကိုးကားခဲ့သည့် အချက်ကြောင့် အချို့က ပရိသတ်သည် ရောမမြို့မှာ ရှိခဲ့ကြောင်း အကြံပြုခဲ့ကြသည်။ ဤရှုထောင့် အမြင်ကို ထောက်ကူရန် ဟေဗြဲ ၁၃း၂၄ ကို သုံးခဲ့ကြသည်။ အကြောင်းမှာ ၎င်းသည် "ဣတလိ

ပြည်သူပြည်သားတို့" ဆိုသည်ကို ဖော်ပြခဲ့သောကြောင့် ဖြစ်သည်။ အဆိုပါ အကြံပြုချက်တို့မှာ စိတ်ဝင်စားစရာပါ။ သို့သော် စိတ်ချလက်ချပြောနိုင်သည့် အတိုင်းအတာဖြင့် နယ်ကုန် ဆိုရလျှင် မူလပရိသတ်အများစုသည် ပါလက်စတိုင်းပြင်ပတွင် နေထိုင်ခဲ့ကြသည့် ဟေလေနစ်ဂျူးများ ဖြစ်ကြသည်။

## ရင့်ကျက်မှု မရှိကြခြင်း

တတိယအားဖြင့် ဟေဗြဲစာစောင် မူလပရိသတ်သည် ရင့်ကျက်မှု မရှိသေးသူများ ဖြစ်ခဲ့ကြသည်။ ဟေဗြဲ ၅း၁၂ တွင် သူတို့အား စာရေးသူ ဖော်ပြပုံကို နားထောင်ကြည့်ပါ။

> သင်တို့သည် ကာလ ကြာသောကြောင့် ဆရာအဖြစ်သို့ ရောက်သင့်သော်လည်း ဘုရားသခင်၏ ဗျာဒိတ်တော်၌ ရှေ့ဦးစွာ သင်ရသော တရားနုတို့ကို သူတပါးထံ၌ တဖန်သင်ရသော အကြောင်း ရှိသည် (ဟေဗြဲ ၅း၁၂)။

"သင်တို့သည် ကာလ ကြာသောကြောင့် ဆရာအဖြစ်သို့ ရောက်သင့်သည်" ဟု ဆိုရလောက်အောင် ပရိသတ်သည် ယုံကြည်သူသက် ရှည်ကြာခဲ့ကြပြီးဖြစ်ကြောင်း သတိပြုပါ။ သူတို့သည် ဩဝါဒသွန်သင်ချက်ပိုင်း ဆိုင်ရာတွင် ကြီးကြီးမားမား တိုးတက်ခဲ့ကြပြီး ဖြစ်သင့်သည်။ သို့သော် စာရေးသူ သတိပြုမိခဲ့သည့်အတိုင်း သူတို့သည် "ဘုရားသခင်၏ ဗျာဒိတ်တော်၌ ရှေ့ဦးစွာ သင်ရသော တရားနုတို့ကို" တဖန် ပြန်သင်ရန် လိုအပ်နေခဲ့သည်။

စိတ်ဝင်စားဖွယ်ကောင်းစွာပင် ပရိသတ်သည် ဩဝါဒသွန်သင်ချက်ပိုင်း ဆိုင်ရာ မရင့်ကျက်ကြလင့်ကစား ဟေဗြဲစာစောင်တွင် ဓမ္မသစ်ကျမ်း၏ ရှေ့အရောက်ဆုံး၊ အဆင့်အမြင့်ဆုံး ဓမ္မပညာပိုင်းဆိုင်ရာ သွန်သင်ချက်အချို့ ပါရှိနေသည်။ စာစောင်၏ အဆိုပါ လက္ခဏာတို့သည် မရင့်ကျက်သေးသော ပရိသတ်နှင့် မည်သို့ အံဝင်ခွင်ကျ ဖြစ်ကြပါသနည်း။ ဤအခြေအနေကို သဘာဝကျကျ နားလည်ရန် နည်းလမ်းမှာ ကနဦး ခရစ်ယာန်တို့သည် ပထမရာစုနှစ် ဂျူးတရားဇရပ်များတွင် ကျင့်သုံးနေကျ ဓလေ့တစ်ခုကို ကိုယ်ပိုင်လုပ်ယူခဲ့ကြောင်း ထည့်စဉ်းစားခြင်း ဖြစ်သည်။

လုကာ ၄း၁၆၊ တမန်တော် ၁၃း၁၅နှင့် ၁တိမောသေ ၄း၁၃ တို့လို ကျမ်းပိုဒ်များမှ ကျွန်ုပ်တို့ လေ့လာချက်အရ ယုဒ တရားဇရပ်မှူးများနှင့် အသင်းတော် ခေါင်းဆောင်များတို့သည် သူတို့၏ ပရိသတ်တို့အား ကျမ်းစာဖတ်ခြင်း၊ အနက်ဖွင့် ရှင်းပြခြင်းများ ပြုရာတွင် ကြီးကြပ် လမ်းညွှန်ခဲ့ကြသည်။ ထို့ကြောင့် အသင်းတော်ခေါင်းဆောင်တို့က သူတို့ ပရိသတ်တို့ထံ သူ့စာစောင်အကြောင်း သွန်သင်ရန် ဟေဗြဲစာရေးသူက မျှော်လင့်ခဲ့သည် ဖြစ်သောကြောင့် ဓမ္မသစ်ကျမ်း၏ ဓမ္မပညာပိုင်းဆိုင်ရာ အဆင့်အမြင့်ဆုံး အရေးအသားအချို့ကို သူရေးခဲ့ခြင်း ဖြစ်သည်။ ယခုတွင် ဟေဗြဲ ၅း၁၁ အရ ဟေဗြဲစာစောင်ရေးသူသည် "ဉာဏ်နုန့်" မှုအတွက် သူ့ပရိသတ်ကို ပြစ်တင်မောင်းမဲခဲ့ရသည်။ သို့ဆိုပါက သူတို့၏ ခေါင်းဆောင်များကို လျောက်ပတ်စွာ လေးစားသမှု မရှိခြင်းကြောင့် မူလပရိသတ် အများစု မရင့်ကျက်ဘဲ ရှိနေခဲ့ကြခြင်းသည် အတော်ပင် ဖြစ်နိုင်ဖွယ် ရှိသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဤအကြံပြုချက်အား ဟေဗြဲ ၁၃း၁၇ ကျမ်းချက်က အတည်ပြုထားပြီး ၎င်းတွင် စာရေးသူက

> သင်တို့ကို အုပ်သောသူတို့၏ စကားကို နားထောင်၍ နှိမ့်ချလျက် နေကြလော့။ သူတို့သည် ကိုယ်တိုင် စစ်ကြောခြင်းကို ခံရသောသူကဲ့သို့ သင်တို့ စိတ်ဝိညာဉ်၏ အကျိုးအလို့ငှာ စောင့်နေကြ၏ သင်တို့ အကျိုးကို မဖြစ်စေတတ်သော ဝမ်းနည်းခြင်းမရှိ၊ ဝမ်းမြောက်ခြင်း ရှိ၍ သူတို့သည် စစ်ကြောခြင်းကို ခံရမည်အကြောင်း သတိပြုလျက်နေကြလော့ (ဟေဗြဲ ၁၃း၁၇)။

## ညှင်းပန်းနှိပ်စက်ခံကြရခြင်း

စတုတ္ထအားဖြင့် ဟေဗြဲ စာစောင်၏ မူလပရိသတ်သည် ညှင်းပန်းနှိပ်စက်ခံခဲ့ရသည်။ အေဒီ ပထမရာစုနှစ်အတွင်း ဟေဗြဲစာစောင်၏ မူလပရိသတ်အပေါ် အနည်းဆုံး သွယ်ဝိုက် သက်ရောက်ခဲ့နိုင်သော ခရစ်ယာန်တို့၏ ထင်ရှားသည့် ညှင်းပန်းနှိပ်စက်ခံရချိန် နှစ်ချိန် ရှိခဲ့သည်။ အေဒီ ၄၉ တွင် ရောမ ဧကရာဇ် ကလောဒီးယပ်စ်က ဂျူးများအား ရောမမြို့မှ နယ်နှင်ဒဏ်ပေးခဲ့သည်။ တဖန် အေဒီ ၆၄ ခန့်တွင် ရောမ ဧကရာဇ် နီရိုးက ရောမ ဇနပုဒ်၌ ခရစ်ယာန်တို့ကို ညှင်းပန်းနှိပ်စက်ခဲ့ပြန်သည်။

ဟေဗြဲ စာစောင်ကို ကျွန်ုပ်တို့ အသေအချာ ဖတ်ရှုသည့်အခါ မူလပရိသတ်သည် ညှင်းပန်းနှိပ်စက်မှုကို အတိတ်က ခံခဲ့ရပြီးကြောင်း ပေါ်လွင်လာသည်။ အချို့တို့သည် ပစ္စုပ္ပန်တွင် ခံနေရဆဲဖြစ်ပြီး သူတို့တွေထဲက နောက်ထပ်လူတွေ ပိုများများခံရဖို့ ရှိနေကာ နောင်မှာလည်း ပိုဆိုးဖို့သာ ရှိကြောင်း စာရေးသူ မျှော်လင့်ခဲ့သည်။

၁၀း ၃၂-၃၅ အတွင်း၌ ပရိသတ်ထဲက အနည်းဆုံး အချို့သောသူတို့ အတိတ်က ခံခဲ့ပြီးသော ညှင်းပန်းနှိပ်စက်မှုအပေါ် စာရေးသူက အာရုံစိုက်ခိုင်းထားသည်။

> သင်တို့သည် အလင်းသို့ ရောက်ပြီးသည့်နောက် လူများရှေ့မှာ ကဲ့ရဲ့ညှင်းဆဲခြင်းကို ခံရသဖြင့်၎င်း၊ ထိုသို့ခံရသောသူတို့နှင့် ဆက်ဆံသော အပေါင်းအဖော်ဖြစ်သဖြင့်၎င်း၊ ကြီးစွာသော ဆင်းရဲဒုက္ခဝေဒနာများကို ဆိုင်ပြိုင်တိုက်လှန်ခြင်းနှင့် တွေ့ကြုံသော အထက်ကာလ အချိန်ကို အောက်မေ့ကြလော့။ ထို့ကြောင့် ကြီးစွာသော အကျိုးနှင့် ယှဉ်သော သင်တို့၏ ရဲရင့်ခြင်းစိတ်ကို မစွန့်ကြနှင့် (ဟေဗြဲ ၁၀း၃၂-၃၅)။

ဤနေရာတွင် "( သူတို့)အလင်းသို့ (ကနဦး) ရောက်ပြီးသည့်နောက် ကြီးစွာသော ဆင်းရဲဒုက္ခဝေဒနာများကို ဆိုင်ပြိုင်တိုက်လှန်ခြင်းနှင့် တွေ့ကြုံသော အထက်ကာလ" ၌ ရှိခဲ့သော ခွန်အားအတွက် သူ့ပရိသတ်ကို စာရေးသူ ချီးကျူးထောမနာပြုခဲ့ကြောင်း ကျွန်ုပ်တို့တွေ့ကြရသည်။ သို့သော် "သူတို့၏ ရဲရင့်ခြင်းစိတ်ကို မစွန့်ပစ်ဖို့ရန်" အတွက်လည်း သူအားပေးခဲ့သည်။ ဤနေရာတွင် "ရဲရင့်ခြင်း" ဟူသော စကားလုံးသည် ဂရိလို *ပါရေးရှား* ဟူသော စကားကို ပြန်ဆိုထားချက်ဖြစ်သည်။ အခြားသော အဆက်အစပ်များစွာတွင် ၎င်းသည် ဂုဏ်အသရေ ရှိသူတို့ ရှေ့မှောက်၌ "သတ္တိရှိခြင်း"

"ရဲရင့်ခြင်း" သို့မဟုတ် "အကြောက်အလန့် ကင်းခြင်း" ကို ဆိုလိုသည်။ ပရိသတ်သည် လူသိရှင်ကြား သို့မဟုတ် တရားဝင် ညှင်းပန်းနှိပ်စက်မှု ပုံစံတစ်မျိုးမျိုးကို ကြုံနေခဲ့ပြီး ရဲရင့်ခြင်းစိတ်ပျောက်ဆုံးလာဖို့ သွေးဆောင်ခံနေရကြောင်း ဤစကားလုံး ရွေးချယ်မှုက အကြံပြုနေသည်။

၁၃း၃ တွင်လည်း လတ်တလော ညှင်းပန်းနှိပ်စက်မှုအကြောင်း စာရေးသူက ဤသို့ တိုက်ရိုက် ဖော်ပြထားသည်။

> အကျဉ်းခံရသောသူတို့နှင့် အတူ ကိုယ်ခံရသကဲ့သို့ မှတ်၍ သူတို့ကို အောက်မေ့ကြလော့။ သင်တို့သည် ကိုယ်ခန္ဓာနှင့် မကင်းမလွတ်သောသူဖြစ်၍ ညှင်းဆဲခံရသောသူတို့ကို အောက်မေ့ကြလော့ (ဟေဗြဲ ၁၃း၃)။

ဤကျမ်းချက်အရ စာရေးသူက "အကျဉ်းခံရသောသူတို့နှင့် အတူ ကိုယ် (သူတို့ကိုယ်တိုင်) ခံရသကဲ့သို့ မှတ်၍ သူတို့ကို အောက်မေ့ကြလော့" ဟု တိုက်တွန်းခဲ့ကြောင်း ကျွန်ုပ်တို့ တွေ့နိုင်သည်။ ထို့ပြင် ညှင်းဆဲခံရသောသူတို့ကို ကိုယ် (သူတို့ကိုယ်တိုင်) ခံရသကဲ့သို့ မှတ်၍ သူတို့ကို အောက်မေ့ကြလော့ဟုလည်း တိုက်တွန်းခဲ့ကြောင်း ကျွန်ုပ်တို့ တွေ့နိုင်သည်။ သူ့ပရိသတ် ညှင်းဆဲ နှိပ်စက်ခံရသမျှသည် အတိတ်ကာလ သက်သက်မှာသာ မဟုတ်ကြောင်း ရှင်းပါသည်။

အတိတ်ကာလနှင့် ပစ္စုပ္ပန် လတ်တလော ညှင်းပန်း နှိပ်စက်ခံရမှုများအပြင် သူ့ပရိသတ်သည် နောင်တွင် ပိုမိုများပြားသည့် ညှင်းပန်းနှိပ်စက်ခံရမှုများ ကြုံတွေ့ဖို့ ခြိမ်းခြောက်ခံနေရကြောင်း ၁၂း၃-၄ တွင်၌ စာရေးသူ သိမှတ်ခဲ့သည်။ ဤတိုက်တွန်းနိုးဆော်ချက်ကို နားထောင်ကြည့်ပါ။

> အပြစ်ရှိသောသူတို့လက်တွင် ထိုမျှလောက် ကြီးစွာသော ဆီးတားနှောင့်ယှက်ခြင်းကို ခံတော်မူသော သခင်ကို ထောက်ရှုဆင်ခြင်သောအားဖြင့် အားလျော့စိတ်ပျက်ခြင်းနှင့် ကင်းလွတ်အံ့သောငှာ ကြိုးစားအားထုတ်ကြလော့။ သင်တို့သည် ဒုစရိုက်အပြစ်ကို ဆိုင်ပြိုင်တိုက်လှန်၍ ကိုယ်အသွေး ထွက်သည့်တိုင်အောင် မခံရကြသေး (ဟေဗြဲ ၁၂း၃-၄)။

ဤကျမ်းချက်က ညွှန်ပြနေသည့်အတိုင်း သူ့ပရိသတ်ရင်ဆိုင်ရမည့် ပိုမိုများပြားသည့် ညှင်းပန်းနှိပ်စက်မှုများကို စာရေးသူ မျှော်လင့်ခဲ့ပြီး သူတို့ ၏ ဤအတွေ့အကြုံ အင်္ဂါရပ်ကို သူ လေးလေးနက်နက် ဂရုစိုက်ခဲ့သည်။

> အခန်းကြီး ၁၀ ထဲတွင် စာရေးသူ ဖော်ညွှန်းထားသလို ဟေဗြဲစာစောင်၏ မူလ ပရိသတ်တို့သည် ပြဿနာ အမြောက်အများ ကြုံခဲ့ရသည်။ ဆင်းရဲဒုက္ခကို ပုံစံအမျိုးမျိုး တွေ့ခဲ့ကြပြီး ဖြစ်သည်။ အချို့သူတို့သည် ဥစ္စာပစ္စည်း ဆုံးရှုံးကြသည်။ အချို့မှာမူ ထောင်ကျခံကြရသည်။ လူပုံအလယ်တွင် တနည်းမဟုတ် တနည်း ကဲ့ရဲ့ပြစ်တင် ရယ်သွမ်းသွေးခံခဲ့ကြရသည်။ သူ

> ရေးသားရင်း ဤနေရာ၌ သူ့ပရိသတ်တို့အား ဓမ္မဟောင်း ဝေါဟာရဖြင့် ဆက်လက် ဖော်ပြ တိုက်တွန်းနေသည်မှာ တရားဇရပ်မှ မောင်းထုတ်ခံရခြင်းဟု သူဆိုလိုသည့် ခရစ်တော်ကြောင့် ခံရသော ဒုက္ခဆင်းရဲကို တပ်ပြင်ထွက် ခံယူကြဖို့၊ ယေရုရှလင်ကို သူတို့ သွားကြမည်ဆိုပါက သူ စာရေးချိန်က တည်ရှိနေဆဲဟု ကျွန်ုပ်ထင်သည့် ဗိမ္မာန်တော်မှ မောင်းထုတ်ခံကြဖို့ ဖြစ်သည်။ သို့ဖြစ်၍ သူတို့ ကြုံနေရသော ညှင်းပန်းနှိပ်စက်မှုများသည် အဆိုပါ ပုံစံများ အရ ဖြစ်တည်နေကြသည်။ သွေးထွက်သံယိုဖြစ်သည်အထိ သူတို့ ဆင်းရဲမခံရသေးကြောင်း အခန်းကြီး ၁၂ထဲတွင် သူပြောဆိုထားသော်ငြား အခန်းကြီး ၂ ထဲ သူပြောဆိုထားချက်များအရ ခရစ်တော် သေခြင်းကို အောင်ခြင်းအားဖြင့် သေဘေးကို ကြောက်ရွံ့ရခြင်းဘေးမှ သူတို့ ကယ်နှုတ်ခံရပြီးသည်ကို သူတို့စိတ်ချဖို့ လိုနေကြောင်း သူ သတိပြုမိပုံရသည်။ သို့ဖြစ်၍ ပိုမို ဆိုးဝါး ပြင်းထန်သည့် ညှင်းပန်း နှိပ်စက်ခြင်းခံရမည့် အလားအလာ ရှိနေသည့် သဘောပင် ဖြစ်သည်။

**ဒေါက်တာ Dennis E. Johnson**

## ယုံကြည်ခြင်းကို စွန့်ပယ်လုနီးနီးဖြစ်ခြင်း

ပဉ္စမအနေဖြင့် ဟေဗြဲ စာဖတ်ပရိသတ်တို့ ညှင်းပန်းနှိပ်စက်မှုကို ကြုံရသည့်အခါ အနည်းဆုံး အချို့သောသူတို့သည် ယုံကြည်ခြင်းကို စွန့်ပစ်လုနီးနီး အခြေသို့ ရောက်ခဲ့သည်။ ဒုက္ခဆင်းရဲများကြောင့် စိတ်အားလျော့ပြီး အားနည်းချိနဲ့ ရုံမျှသက်သက်မဟုတ်၊ သူတို့သည် ခရစ်တော်ထံမှ လုံးလုံး ပြန်လှည့်ထွက်သွားမည့် အန္တရာယ်ထဲ ကျရောက်နေခဲ့သည်။ ဥပမာဆိုရလျှင် ဟေဗြဲ ၁၀း၂၆-၂၇ တွင် ဤသို့သော သတိပေးချက်ကို ကျွန်ုပ်တို့ ဖတ်ရသည်။

> အကြောင်းမူကား သမ္မာတရားကို သိပြီးမှ ကိုယ်အလိုသို့ လိုက်ပြီး ပြစ်မှားပြန်လျှင် နောက်တစ်ဖန် အပြစ်ဖြေသောယာဇ်ကို ပူဇော်ရာ အခွင့် မရှိဘဲ ဒဏ်စီရင်ခြင်းကို ခံရမည်ဟု ကြောက်မက်ဖွယ်သော မြော်လင့်ရသော အကြောင်း၊ ငြင်းဆန်သောသူတို့ကို ဖျက်ဆီးဖို့ရာ အမျက်တော် မီးလောင်ခြင်းကို ခံရသော အကြောင်း ရှိ၏ (ဟေဗြဲ ၁၀း၂၆-၂၇)။

ဟေဗြဲ စာစောင် ရေးသူသည် အသေးအဖွဲ အားနည်းချက် သို့မဟုတ် အရေးမကြီးသော အားနည်းချက်များကို ဂရုစိုက်နေခြင်း မဟုတ်ကြောင်း ကျွန်ုပ်တို့ ရှင်းရှင်းသိနေသင့်ပါသည်။ ခရစ်တော်ထံမှ လုံးလုံး လှည့်ထွက်သွားသူတို့အတွက် "နောက်တစ်ဖန် အပြစ်ဖြေသောယာဇ်ကို ပူဇော်ရာ အခွင့် မရှိ" သဖြင့် သူ့ပရိသတ်ကို သူ ပြင်းပြင်းထန်ထန် သတိပေးခဲ့ရခြင်း ဖြစ်သည်။ ဟေဗြဲ စာထဲက အချို့တွေ ငြင်းပယ်ဖို့ သွေးဆောင်ခံခဲ့ရသလိုပင် ခရစ်ယာန် ယုံကြည်ခြင်းတရားကို လူတို့



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ငြင်းပယ်ကြသည့်အခါ သူတို့၌ ကယ်တင်ခြင်းနှင့် ယှဉ်သော ယုံကြည်ခြင်းသည် မည်သည့်အခါကမျှ မရှိခဲ့ကြောင်း သူတို့ သက်သေပြခြင်းပင် ဖြစ်သည်။ ဤအကြောင်းကြောင့်ပင် "ငြင်းဆန်သောသူ" တို့ကို ဖျက်ဆီးဖို့ရာ "ဒဏ်စီရင်ခြင်းကို ခံရန် ကြောက်မက်ဖွယ် မြော်လင့်ရသော အကြောင်းနှင့် အမျက်တော် မီးလောင်ခံရသော အကြောင်း" တို့သာလျှင် သူတို့၌ ရှိနိုင်ကြတော့သည်။

ကျွန်ုပ်တို့ နောက်သင်ခန်းစာထဲ ရှင်းပြမည်ဖြစ်သလို ဤကျမ်းပိုဒ်နှင့်တကွ အလားတူ ကျမ်းပိုဒ်တို့သည် ယုံကြည်သူတို့အဖို့ သူတို့ရရှိထားပြီးသော ကယ်တင်ခြင်းကို ဆုံးရှုံးနိုင်သည် ဆိုသည့်အဓိပ္ပာယ်မျိုး မသက်ရောက်ပါ။ ထိုအစား ဤကျမ်းချက်သည် ယုံကြည်ပါသည်ဟု ဝန်ခံပြောဆို၍ ယုံကြည်ခြင်း ကောင်းချီးများစွာကို ခံစားတွေ့ကြုံရသော်ငြား အသစ်တဖန် ပြန်လည် မွေးဖွားခြင်း မရှိသေးသူ၊ ဖြောင့်မတ်ရာသို့ မရောက်ရှိသေးသူများကိုသာ ရည်ညွှန်းသည်။ အဖြစ်အပျက် အားလုံးခြုံကြည့်လျှင် မူလပရိသတ်ထဲက အချို့တို့သည် ယုံကြည်ခြင်းမှ ရှောင်လွှဲရန် အသည်းအသန် သွေးဆောင်ခံနေခဲ့ရသည်။

ယခုတွင် စာရေးသူနှင့် မူလပရိသတ်တို့အကြောင်း စဉ်းစားခြင်းဖြင့် ဟေဗြဲစာစောင် နောက်ခံသမိုင်းကို ကျွန်ုပ်တို့ လေ့လာဖော်ထုတ်ကြပြီးဖြစ်၍ ဟေဗြဲစာစောင်ကို မည်သည့် အချိန် ရေးခဲ့သနည်း ဆိုသည့် ကျွန်ုပ်တို့၏ တတိယမြောက် ပြဿနာဆီ လှည့်ကြပါတော့မည်။

# ရက်စွဲ

ဟေဗြဲစာစောင်ရေးချိန်ကို အတိအကျ ရက်စွဲသတ်မှတ်ရန် မသေချာပါ။ ထိုအစား အစောဆုံး နှင့် နောက်အကျဆုံး ဖြစ်နိုင်သည့် ရက်စွဲများကိုသာ သတ်မှတ်နိုင်ကြပါသည်။ အစောဆုံး ဖြစ်နိုင်သည့် ရက်စွဲကို ကျွန်ုပ်တို့ ဦးစွာစဉ်းစားပြီး ထို့နောက်မှ နောက်အကျဆုံး ဖြစ်နိုင်သည့် ရက်စွဲကို စဉ်းစားကြပါမည်။ ကျမ်းအထောက်အထားနှင့် သမိုင်း သက်သေများအရ အဆိုပါ ရက်စွဲ နှစ်မျိုးလုံးအား အတော်ကလေး ခိုင်ခိုင်လုံလုံ သတ်မှတ်၍ ရနိုင်ပါသည်။

တစ်ဖက်တွင် ဟေဗြဲ ၁၃း၂၃ သည် အစောဆုံး ဖြစ်နိုင်သည့် ရက်စွဲသတ်ရာတွင် ထောက်ကူပေးသည်။ စာရေးသူက ဤကျမ်းပိုဒ်တွင် ဖော်ပြသည်မှာ

> ငါတို့ညီ တိမောသေကို အခြားသို့ လွှတ်လိုက်သည့်အရာကို သိမှတ်ကြလော့။ သူသည် မကြာမမြင့်မီ ရောက်လျှင် ငါသည် သူနှင့် အတူ လာ၍ သင်တို့ကို တွေ့မြင်လိမ့်မည်။

ဤနေရာတွင် မကြာသေးမီက ထောင်မှ "တိမောသေ လွတ်မြောက်ပြီးကြောင်း" ကျွန်ုပ်တို့ တွေ့ကြရသည်။ တိမောသေ ထောင်ကျသည့်အကြောင်း ဓမ္မသစ်ထဲ အခြားမည်သည့် နေရာတွင်မျှ မကြားမသိရပါ။ အမှန်တွင် ပေါလု အနိစ္စရောက်ကာနီး နောက်ဆုံးရေးခဲ့သော ၂ တိမောသေ စာစောင်ထဲ၌ တိမောသေသည် ပေါလုအတွက် ခရီးသွားလာပြီး လိုသည့်ပစ္စည်းများကို ယူလာပေးနိုင်သည့်တိုင်အောင် လွတ်လွတ်လပ်လပ် ရှိခဲ့သည်။ သို့တစေ ဤကျမ်းချက်က



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဟေဗြဲစာစောင် ရေးချိန်တွင် တိမောသေ ထောင်ကျ၍ ပြန်လွတ်လာပြီး ကြောင်း ပြောပြနေသည်။ ဤအကြောင်းကြောင့် ဟေဗြဲစာစောင်အား ပေါလု အနိစ္စရောက်ပြီးနောက်ပိုင်းမှသာ ရေးခဲ့ခြင်း ဖြစ်ရပေမည်။ ထိုအချိန်သည် အေဒီ ၆၅ ဝန်းကျင် ဖြစ်သည်။

အခြားတစ်ဖက်တွင်လည်း စာစောင်အတွက် နောက်အကျဆုံး ဖြစ်နိုင်သည့်ရက်စွဲသည် အေဒီ ၉၅ ဝန်းကျင် ဖြစ်သည်။ ၎င်းသည် ပထမ ကလေမင် စာစောင်ထဲ ရောမမြို့သား ကလေမင် က ဟေဗြဲစာစောင် အကြောင်း ကိုးကားဖော်ပြခြင်းမပြုမီ သိပ်မကြာခင်မှာ ဖြစ်သည်။

ထပ်မံဖြည့်စွက်ရလျှင် ဋီကာဆရာ အများစုက ဟေဗြဲ ၅း၁-၃ လို ကျမ်းပိုဒ်များထဲ ယဇ်ပုရောဟိတ်မင်း၏ ယဇ်ပူဇော်ခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို ဖော်ပြရာ၌ စာရေးသူသည် ပစ္စုပ္ပန်ကာလကို သုံးခဲ့ကြောင်းလေ့လာအကဲဖြတ်ခဲ့ပြီး ဖြစ်သည်။ ဤအချက်သည် အရေးကြီးသည်။ အကြောင်းမှာ စာစောင်၏ ကျန်အပိုင်း ရှိသမျှ၌ စာရေးသူသည် အတိတ်ဖြစ်ရပ်တို့ကို ရည်ညွှန်းသည့်အခါတိုင်း ဂရိ အတိတ်ကာလကိုသာ အစဉ် တစိုက် သုံးခဲ့၍ ဖြစ်သည်။ သို့ဖြစ်လျှင် အဆိုပါ ယဇ်ပုရောဟိတ်ဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုတို့သည် ဟေဗြဲစာစောင် ရေးနေချိန်တွင် လှုပ်ရှားလည်ပတ်နေဆဲ ဖြစ်ဖွယ်ရှိသည်။

ထို့အပြင် ၈း၁၃ တွင်လည်း စာရေးသူသည် သူ့ပရိသတ်အား မောရှေနှင့် ဘုရားသခင် ဖွဲ့တော်မူခဲ့သော ပဋိညာဉ်တရားဟောင်းက ပြဋ္ဌာန်းထားသည့် "ရွေ့လျော့၍ ဟောင်းသော" ယဇ်ပူဇော်မှု အလေ့အထများထံ နောက်ပြန်မလှည့်ကြဖို့ အားပေးတိုက်တွန်းခဲ့သည်။ အဆိုပါ အလေ့အထများသည် "ကွယ်ပျောက်ခြင်းသို့ ရောက်လုနီး" ပြီဖြစ်ကြောင်း ပဋိညာဉ် တရားသစ်အရ သူရှင်းပြခဲ့သည်။ ယဇ်ပုရောဟိတ်မင်း လှုပ်ရှားပြုမူချက်များနှင့် လေဝိ ယဇ်ပူဇော်မှုစနစ် တစ်ခုလုံးသည် ယေရုရှလင်မြို့နှင့် ဗိမ္မာန်တော်ကို ရောမတို့ ဖျက်ဆီးသည့် အေဒီ ၇၀ တွင် အဆုံးသတ်သွားခဲ့ကြောင်း ကျွန်ုပ်တို့ သိကြသည်။ သို့ဖြစ်၍ အဆိုပါ အထောက်အထားများအရ ဟေဗြဲစာစောင်ရေးချိန်သည် အေဒီ ၆၅ ဝန်းကျင် ပေါလု အနိစ္စရောက်ပြီးချိန် နှင့် အေဒီ ၇၀ ဝန်းကျင် ဗိမ္မာန်တော် ဖျက်ဆီးမခံရမီအချိန် မတိုင်မီ အတွင်း တစ်ချိန်ချိန် ဖြစ်နိုင်သည်။

ယခုတွင် ကျွန်ုပ်တို့၏ ဟေဗြဲစာစောင် နောက်ခံသမိုင်းနှင့် ရည်ရွယ်ချက်များအကြောင်း သင်ခန်းစာထဲတွင် ဟေဗြဲစာစောင် နောက်ခံသမိုင်း အင်္ဂါရပ်များကို ကျွန်ုပ်တို့ လေ့လာခဲ့ကြပြီး ဖြစ်၍ စာစောင်ကို လွှမ်းမိုးခြုံငုံနေသော ရည်ရွယ်ချက်အကြောင်း ကျွန်ုပ်တို့ ဖြေရှင်းကိုင်တွယ်နိုင်ပြီ ဖြစ်ပါသည်။ ဟေဗြဲစာစောင်ကို အဘယ်ကြောင့် ရေးသားခဲ့ပါသနည်း။

# ရည်ရွယ်ချက်

ဟေဗြဲစာစောင်လို ရှည်လျားပြီး ခက်ခဲရှုပ်ထွေးသော စာမျိုးအား မတူကွဲလွဲသော ရည်ရွယ်ချက်အမျိုးမျိုးနှင့် တွေးခေါ်ရေးသားထားခြင်း ဖြစ်သည်ဟု ဆိုပါက လွန်အံ့မထင်ပါ။ သို့သော်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဤသင်ခန်းစာအဖို့ ဆိုပါက စာစောင်ကို လွှမ်းမိုးခြုံငုံနေသော ရည်ရွယ်ချက်ကို အကျဉ်းချုပ်ဖော်ပြရန်အတွက်သာ အခြေခံအားဖြင့် ကျွန်ုပ်တို့ စိတ်ဆုံးဖြတ်ထားပါသည်။ ဤစာစောင် အပိုင်းကဏ္ဍတိုင်းတွင် ကိုယ်ပိုင် အလေးပေးချက်များ ရှိနေပြီး အဆိုပါ အလေးပေးချက်များကို ကျွန်ုပ်တို့၏ နောက်သင်ခန်းစာထဲ လေ့လာဖော်ထုတ်ကြပါမည်။ ဤနေရာတွင် မူလပရိသတ်၏ အတွေး အယူအဆများ၊ အပြုအမူများ နှင့် စိတ်ခံစားချက်များအပေါ် သက်ရောက်မှုရှိစေရန် စာစောင်တစ်ခုလုံးအား မည်သို့ ခြုံငုံ ဒီဇိုင်းချထားသည်ကို ကျွန်ုပ်တို့ မြင်လိုပါသည်။

အနက်ဖွင့်သူတို့က စာစောင်ကို ခြုံငုံလွှမ်းမိုးနေသော ရည်ရွယ်ချက်အား ပုံစံအမျိုးမျိုးဖြင့် အကျဉ်းချုပ်ဖော်ပြခဲ့ကြပြီး ဖြစ်သည်။ သို့သော် ဤလေ့လာမှုအတွက်မူ စာစောင်၏ မူလ ရည်ရွယ်ချက်ကို ယခုလိုပုံစံဖြင့် ကျွန်ုပ်တို့ ဖော်ပြပါမည်။

> ဟေဗြဲစာစောင်ရေးသူသည် သူ့ပရိသတ်အား ဒေသန္တရ ဂျူး သွန်သင်ချက်များကို ငြင်းပယ်ပြီး ယေရှုအပေါ် သစ္စာခိုင်မြဲရေး အားပေးတိုက်တွန်းရန် ရေးသားခဲ့သည်။

စာရေးသူ၏ ရည်ရွယ်ချက်ကို ဤသို့ဖော်ပြခြင်းသည် ဟေဗြဲစာစောင်ထဲ တွေ့ရသည့် အဓိက အာဘော်များနှင့် ကျွန်ုပ်တို့အား ရင်းနှီးကျွမ်းဝင်စေရန် ကူညီပေးသည်။

ကျွန်ုပ်တို့ ယခုပင် အကြံပြုခဲ့ပြီးဖြစ်သလို ဟေဗြဲစာရေးသူသည် သူ့ပရိသတ်ကို နှိုးဆော်တိုက်တွန်းရန် ရေးသားခဲ့ခြင်း ဖြစ်သည်။ ၁၃း၂၂ တွင် စာရေးသူကိုယ်တိုင်က သူ့စာစောင်အား မည်သို့ သရုပ်ဖော်ခဲ့သည်ကို နားထောင်ကြည့်ပါ။

> ညီအစ်ကိုတို့၊ ဤ ဆုံးမခြင်း ဩဝါဒစကားကို သည်းခံမည့်အကြောင်း ငါသည် သင်တို့ကိုနှိုးဆော်တောင်းပန် ၏ (ဟေဗြဲ ၁၃း၂၂)။

ဤနေရာတွင် စာရေးသူသည် သူ့စာစောင်ကို "ဆုံးမခြင်း ဩဝါဒစကား" အဖြစ်လက်ခံပေးရန် သူ့ပရိသတ်အား"နှိုးဆော်တောင်းပန်ခဲ့" ကြောင်း သတိပြုပါ။ "ငါသည် သင်တို့ကို နှိုးဆော်တောင်းပန်၏" ဟူသော စကားစုသည် ဂရိ ကြိယာ *ပါရာကာလေအိုး* မှ ဆင်းသက်လာသည်။ ၎င်းကြိယာသည် အဆိုပါ စာကြောင်းထဲက "ဆုံးမဩဝါဒပေးခြင်း" ဟူ၍ အနက်ပြန်ဆိုသော ဂရိနာမ် ၏ ကြိယာပုံစံဖြစ်သည်။

ဆုံးမဩဝါဒပေးခြင်း ဝေါဟာရသည် "ဟောပြောသူ၏ နံဘေးသို့ ဆင့်ခေါ်သည် " သို့မဟုတ် "ဟောပြောသူ၏ ရှုထောင့်အမြင်ကို လက်ခံရန် တစ်စုံတစ်ယောက်အား တိုက်တွန်းသည်" ဟု အဓိပ္ပာယ်ရသည်။ အလားတူ ဖော်ပြချက်မျိုးကို လုကာ ၃း၁၈ ထဲတွင် ဗတ္တိဇံဆရာ ယောဟန်၏ နောင်တရရေး အရေးတကြီး သွေးဆောင် တိုက်တွန်းချက်ကို ဖော်ပြရာ၌ အသုံးပြုထားသည်။

စိတ်ဝင်စားဖွယ်ပင် "ဆုံးမခြင်း ဩဝါဒစကား" ဟူသော စကားစုအား ပိသိဒိ အန္တိအုတ်မြို့ တရားဇရပ်မှူးတို့က ကျမ်းစာကို ဖတ်ရွတ်ပြီးသည့်နောက် ပေါလုနှင့် အပေါင်းအဖော်တို့အား "ဆုံးမစရာစကား ရှိလျှင်" ဟောပြောကြပါ ဟု ဖိတ်ခေါ်သမှုပြုသည့် တမန်တော် ၁၃း၁၅ တွင်လည်း



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

တွေ့ရသည်။ "စကား" သို့မဟုတ် "ဆုံးမခြင်း စကား" ဆိုသည့် အသုံးအနှုန်းသည် ပထမရာစုနှစ်တွင် အထာကျနေသော တရားဝင် ဖော်ပြချက်တစ်ခု ဖြစ်ပြီး ယနေ့ကာလတွင် ကျွန်ုပ်တို့က ဒေသနာဟု ခေါ်ကြသည့် အရာ ဖြစ်နိုင်ပါသည်။

> စာရေးသူသည် သူ့စာအား ဆုံးမခြင်း ဩဝါဒစကား ဟု ဖော်ပြထားသည်။ ၎င်းသည် ၁၃း၂၂ တွင် ဖြစ်သည်။ ဟေဗြဲစာစောင်သည် နှိုးဆော်တိုက်တွန်းချက် တစ်ခု ဖြစ်သလို ဒေသနာ တစ်ပုဒ်ကဲ့သို့လည်း ဖြစ်သည်ဟု ဆိုလိုသည်။ သို့ဖြစ်လျှင် ဤသို့သော စကားအလှဆင် သုံးနှုန်းခြင်းသည် ယေရှုကို ဘုရားသခင့် သားတော် အဖြစ်နှင့်၎င်း၊ သူတို့၏ အရှင်သခင်၊ ကယ်တင်ရှင်အဖြစ်နှင့်၎င်း ဝန်ခံအပ်နှံရာတွင် သစ္စာရှိဖို့ သူ့ပရိသတ်အား ဆွဲဆောင်ရာ၌ အခြေခံကျသော တန်ဆာပလာ တစ်ခုပင် ဖြစ်သည်။ ထို့ကြောင့် ဟေဗြဲစာစောင်ထဲရှိ စကားတန်ဆာဆင်မှု သို့မဟုတ် ဟေဗြဲစာစောင်၏ ဒေသနာသည် စာရေးသူအား သူ့အာဘော်များကို အကျယ်ဖွင့်ဆိုရန်၊ ဂျူးကျမ်းစာများကို မူရင်းစကားအတိုင်း အနက်ဖွင့်ရန် ခွင့်ပြုသည်။ ဆိုလိုသည်မှာ ဂျူးကျမ်းစာများအား အဓိပ္ပာယ်ရှိရှိ အနက်ဖွင့်နိုင်ရန် နှင့် ထို့နောက် စာရေးသူက တစ်ဦး တစ်ယောက်ကိုဖြစ်စေ၊ အများကို ဖြစ်စေ လုပ်စေလိုသည့်အရာကို ပရိသတ်တို့ ရှင်းလင်းစွာ နားလည်စေခြင်းငှာ အလွန်ပင် ထိရောက်အားကောင်းသော ပုံစံဖြင့် တင်ပြနိုင်ရန် ခွင့်ပြုပေးသည်။ ခရစ်တော်၌ ဘုရားသခင် ပေးအပ်ခဲ့ပြီး ခရစ်တော်ကလည်း သူတို့အား ပေးကမ်းပြီး ဖြစ်သော ကယ်တင်ခြင်းကို သူတို့ ဆွဲကိုင်ထားကြဖို့ သူ အလိုရှိခြင်း ဖြစ်သည်။
>
> **ဒေါက်တာ Fredrick Long**

ဓမ္မသစ်ကျမ်းထဲက ဩဝါဒစာစောင် သို့မဟုတ် ပေးစာတိုင်းတွင် ၎င်းတို့၏ ပရိသတ်အတွက် ဆုံးမဩဝါဒများ ပါရှိသည်။ သို့သော် ဟေဗြဲစာစောင်သည် ၎င်း၏ အထူးကြပ်မတ် ဂရုစိုက် ဆုံးမဩဝါဒပေးချက်များကြောင့် အခြားသော ဓမ္မသစ်ဩဝါဒစာများမှ သီးခြား ကွဲထွက်နေသည်။

စာရေးသူ၏ ရည်ရွယ်ချက်ကို လေ့လာဖော်ထုတ်ရန်အတွက် စာစောင်ထဲ အလွန်ပင် ပေါ်လွင်ထင်ရှားနေသည့် ဆုံးမဩဝါဒပေးချက်တို့ ၏ ပြင်းပြထိရှမှုကို အနီးကပ် ကြည့်ကြပါစို့။ ထို့နောက်တွင် အဆိုပါ ဆုံးမဩဝါဒပေးချက်များ၏ ရည်ရွယ်ချက်နှင့် တကွ သူ့ပရိသတ်၏ တုန့်ပြန်မည့်အပေါ် စာရေးသူ မည်သို့ မျှော်လင့်ခဲ့ကြောင်း ကျွန်ုပ်တို့ ရှာဖွေဖော်ထုတ်ကြပါမည်။ သူ့ပရိသတ်ထံ စာရေးသူ၏ ဆုံးမဩဝါဒပေးချက်များ မည်မျှ ပြင်းမှုထိရှမှု ရှိသည်ကို ဦးစွာ ကြည့်ကြပါစို့။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# ဆုံးမဩဝါဒ ပေးချက်တို့၏ ပြင်းပြထိရှမှု

စာရေးသူ၏ ဆုံးမဩဝါဒပေးချက်များ၏ ပြင်းပြထိရှမှုဟု ဆိုရာ၌ ကျွန်ုပ်တို့ ဘာကို ဆိုလိုသည်ကို ဆက်လေ့လာရန် အရေးကိစ္စနှစ်ခုကို ကျွန်ုပ်တို့ ကြည့်ပါမည်။ ပထမဦးစွာ စာစောင်ထဲ ဆုံးမဩဝါဒပေးချက်တို့၏ ပါဝင်မှု အကြိမ်အရေအတွက် ဖြစ်ပြီး ဒုတိယအားဖြင့် သူ့ ဆုံးမဩဝါဒ ပေးချက်များနှင့် တွဲဖက်ထားသည့် စာရေးသူ၏ စကားအလှဆင်ပုံတို့ ဖြစ်ကြသည်။ ဆုံးမဩဝါဒ ပေးချက်များ၏ ပါဝင်မှု အကြိမ်ရေကို လေ့လာဖော်ထုတ်မှုနှင့် အစပြုကြပါစို့။

## အကြိမ် အရေအတွက်

စာရေးသူ၏ ဆုံးမဩဝါဒပေးချက် ပါဝင်မှု အကြိမ်အရေအတွက်က သူပေးလိုသော သတင်းစကား၏ အရေးတကြီး အလျင်စလို ဖြစ်နေမှုကို ကျွန်ုပ်တို့ နားလည်လွယ်စေသည်။ အဆိုပါ ဆုံးမဩဝါဒ ပေးချက်များသည် အများအားဖြင့် မထင်မရှား ဖြစ်သော်လည်း အနည်းဆုံး အကြိမ် ၃၀ ခန့်မှာမူ ထင်ရှားပေါ်လွင်သည်။ စာရေးသူသည် ဂရိ သဒ္ဒါ ပညာရှင်များက “အခြေအနေပေါ်မူတည်ပြီး ဖြစ်နိုင်ခြေရှိသည့် မှန်ကန်မှု (ဝါ) ထိုသို့ ဖြစ်နိုင်သည့် အခြေအနေအတွက် နိုးဆော်တိုက်တွန်းသည့် သဘောပြ ကြိယာ” ဟု ခေါ်ကြသည့် ကြိယာပုံစံကို အခါများစွာ သုံးခဲ့သည်။ အဆိုပါ ကြိယာပုံစံ အသုံးအနှုန်းတို့သည် တိုက်တွန်းခြင်း သို့မဟုတ် မေတ္တာရပ်ခံခြင်း လုပ်ငန်းတာဝန်ကို ဆောင်ရွက်ကြပြီး ဤအရာ သို့မဟုတ် ထိုအရာကို “လုပ်ကြစို့” ဟူ၍ ပြန်ဆိုရလေ့ရှိသည်။ ဥပမာဆိုရလျှင် ၄း၁၄ တွင် ထိုသို့သော ဆုံးမဩဝါဒပေးခြင်း နှစ်ခုကို ဖတ်ရသည်။

> ငါတို့သည် ဝန်ခံခဲ့ပြီးသော အရာ၌ တည်ကြည်ကြကုန်အံ့။ .... ငါတို့သည် ရဲရင့်သော စိတ်နှင့် ကျေးဇူးပလ္လင်တော်သို့ တိုးဝင် ချဉ်းကပ်ကြကုန်အံ့ (ဟေဗြဲ ၄း၁၄၊ ၁၆)။

စာရေးသူသည် တိုက်ရိုက် အမိန့်များအဖြစ် ကျွန်ုပ်တို့ ပြန်ဆိုလေ့ရှိသည့် ခိုင်းစေချက်များကို သုံး၍လည်း သူ့ပရိသတ်အား တိုက်တွန်းနိုးဆော်ခဲ့သည်။ ဥပမာအားဖြင့် ၁၂း၁၂-၁၆ တွင် ဤဆုံးမဩဝါဒပေးချက် အများပါသည့် ဩဝါဒစဉ် တစ်ခုကို ဖတ်ရသည်။

> တွဲလွဲနေသော လက်တို့နှင့် အားမရှိသော ဒူးတို့ကို ခိုင်ခံ့စေကြလော့။ သင်တို့သွားဖို့ရာ ဖြောင့်သောလမ်းတို့ကို ပြင်ဆင်ကြလော့။ လူအပေါင်းတို့နှင့် အသင့်အတင့် နေ၍ သန့်ရှင်းခြင်းကို မှီအောင် လိုက်ကြလော့။ သင်တို့တွင် တစ်စုံတစ်ယောက်မျှ ဘုရားသခင်၏ ကျေးဇူးတော်ကို မရဘဲ မနေစေခြင်းငှာ၎င်း၊ ခါးစွာသော ပင်မြစ်ပေါက်၍ ..... သတိနှင့် ကြည့်ရှုကြလော့။ ဧသောကဲ့သို့ ဘုရားတရားကို မရိုမသေပြုသောသူ မရှိစေခြင်းငှာ သတိနှင့် ကြည့်ရှုကြလော့ (ဟေဗြဲ ၁၂း၁၂-၁၆)။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သူ့ပရိသတ်အား စာရေးသူက မည်မျှလောက်အထိ တိုက်ရိုက် ဆုံးမဩဝါဒပေးခဲ့ကြောင်း ထည့်စဉ်းစားရန် လိုသည့် အကြောင်းရင်းတစ်ခုမှာ စာစောင်၏ ခက်ခဲရှုပ်ထွေးသော ဓမ္မပညာ ဖော်ပြချက်တို့က စာရေးသူ၏ ရေးသားရခြင်း ရည်ရွယ်ချက်ကို မကြာခဏ မှုန်ဝါးသွားစေ၍ ဖြစ်သည်။ သူ့ပရိသတ်အား ဓမ္မပညာပိုင်း ဆိုင်ရာဩဝါဒများအကြောင်း အသိပေးရုံသက်သက် သူမလုပ်လိုခဲ့ပါ။ ကွဲပြားခြားနားသော သဘောထားများနှင့် အပြုအမူများကို လက်ခံကျင့်သုံးဖို့ သူတို့အား ဆွဲဆောင်ရေးအလို့ငှာ သူတို့ကို ဓမ္မပညာအားဖြင့် အသိပေးခဲ့ခြင်း ဖြစ်သည်။ ဤအချက်သည် သူ့စာစောင်အား "ဆုံးမဩဝါဒစကား" ဟု သူ ခေါ်ဆိုရသည့် အဓိပ္ပာယ်ပင် ဖြစ်တော့သည်။ ဤ အရေးတကြီး အလျင်စလို ဖြစ်နေမှုအကြောင်း ကျွန်ုပ်တို့ ထည့်မစဉ်းစားမိပါက ဟေဗြဲစာစောင်၏ အရေးကြီးသော ရှုထောင့် မျက်နှာစာနှင့် ကျွန်ုပ်တို့ လွဲချော်ပါလိမ့်မည်။

သူ့ပရိသတ်အား စာရေးသူ ဆုံးမဩဝါဒပေးသည့် အကြိမ်အခါ ပမာဏက သူ့ ဆုံးမဩဝါဒပေးချက်တို့၏ ပြင်းပြထိရှမှုကို မည်သို့ ထင်ဟပ်ဖော်ပြနေကြောင်း ကျွန်ုပ်တို့ တွေ့ခဲ့ကြပြီး ဖြစ်သည်။ ယခုတွင် စာရေးသူ၏ အလင်္ကာသုံးစွဲဟန်က သူ့ပရိသတ်ကို ဆုံးမဩဝါဒပေးလိုသည့် ဆန္ဒအား မည်သို့ ဖွင့်ပြကြောင်းကိုလည်း စဉ်းစားကြည့်ကြပါစို့။

## အလင်္ကာသုံးစွဲဟန်

ဟေဗြဲ စာစောင်အား အလွန်ပင် အလင်္ကာဆန်သည့်စာစောင်အဖြစ် သရုပ်ဖော်လေ့ရှိသည်။ ထိုသို့ ဆိုခြင်းဖြင့် ပထမရာစုနှစ်အတွင်းက ပရိသတ် လက်ခံချင့်စဖွယ် ဆွဲဆောင်ဟောပြောနည်း သို့မဟုတ် အရေးတကြီး အလျင်စလို အချေအတင် ငြင်းခုံမှုများနှင့် တွဲဖက်နေသည့် စာပေရေးထုံးများစွာကို ၎င်းက အသုံးပြုကြောင်း ကျွန်ုပ်တို့ ပြောလိုရင်း ဖြစ်သည်။ အဆိုပါ အလင်္ကာ ရေးဟန်များစွာအား အခြားသော ဓမ္မသစ် စာစောင်များထဲတွင်လည်း တွေ့ရသည်။ သို့သော် ဟေဗြဲစာစောင်ထဲ ၎င်းတို့အား ကျွန်ုပ်တို့ ပိုမိုများပြားစွာ တွေ့ကြရသည်။

> ဟေဗြဲ စာစောင်သည် စာပေနှင့် အလင်္ကာ စွမ်းရည်ကျွမ်းကျင်လိမ္မာသည့် စာရေးသူတစ်ဦး၏ အကောင်းဆုံး ဓမ္မသစ် ဥပမာ ဖြစ်နိုင်ပါသည်။ အဆိုပါ အလင်္ကာ စွမ်းရည်တို့သည် စာရေးသူ၏ ရည်ရွယ်ချက်ကို အကောင်အထည် ပေါ်နိုင်အောင် အမှန်ပင် ကူညီပေးကြသည်။ ပဋိညာဉ်တရားဟောင်းထက် ခရစ်တော်နှင့် ပဋိညာဉ်တရားသစ်တို့က သာလွန်ကြီးမြတ်ကြောင်း ထုတ်ဖော်ပြသရန် သူ ကြိုးစားနေခြင်း ဖြစ်သည်။ ထိုသို့ လုပ်ဆောင်မှု တစ်စိတ်တစ်ပိုင်းအနေဖြင့် အလွန် ခိုင်ခံ့ပြီး ယုံချင့်စဖွယ်ကောင်းသော စာပေအရေးအသားဖြင့် ကျိုးကြောင်းပြခြင်း ဖြစ်သည်။ ထိုအလုပ် ပြီးမြောက်စေရန် မတူကွဲပြားသည့် ဖွဲ့စည်းတည်ဆောက်မှုဆိုင်ရာ အင်္ဂါရပ် အမြောက်အများကို သူသုံးစွဲသည်။ ထို့ကြောင့် အလင်္ကာများသုံးပြီး

သူ့စာဖတ်ပရိသတ်အား ဆွဲဆောင်ရန်နှင့် သူဖန်တီးနေသည့် တင်ပြချက်အား
သူ့ပရိသတ်တို့ ယုံချင့်စဖွယ် ဖြစ်စေရန် လှပစွာ ဖွဲ့စည်းတည်ဆောက်ထားသည်။

**Dr Mark L. Strauss**

ဂရိလို *ဆင်ခရိစစ်* ဟုခေါ်သည့် အလင်္ကာရေးဟန် တစ်ခု ရှိသည်။ ၎င်းသည် နှစ်ခုနှင့် အထက် အကြောင်းအရာတို့ကြား အသေးစိတ် နှိုင်းယှဉ်ချက်တစ်ခု ဖြစ်ပြီး ၎င်းအား စာရေးသူ၏ ရှုထောင့်အမြင်ကို အခိုင်အမာ အတည်ပြုရေး ပရိသတ်ကို အယုံသွင်းရန် ဒီဇိုင်းချထားသည်။ ဥပမာအားဖြင့် *ဆင်ခရိစစ်* သည် ဟေဗြဲ ၇း၁၁-၂၈ တွင်လည်း ပါရှိသည်။ ထိုနေရာတွင် စာရေးသူက ယေရှုသည် ကမ္ဘာဦးကျမ်းထဲ ဖော်ပြထားသည့် ယဇ်ပရောဟိတ်လည်းဖြစ်၊ ရှင်ဘုရင်လည်း ဖြစ်သည့် မေလခိဇေဒက် ကဲ့သို့သော တော်ဝင် ယာဇ်ပုရောဟိတ် တစ်ပါး ဖြစ်ကြောင်း ကျိုးကြောင်းပြခဲ့သည်။ သို့တစေ သူ့ယုံကြည်ချက်ကို အခိုင်အမာပြရုံသက်သက်မဟုတ်၊ ဟေဗြဲ စာရေးသူသည် သူ့ပရိသတ်အား မေလခိဇေဒက်နှင့် ခရစ်တော်တို့အကြား အချက် ရှစ်ချက်ပါ လက်ခံသဘောတူဖွယ် နှိုင်းယှဉ်ချက်တစ်ခုကို ပေးခဲ့သည်။ ၎င်းတို့မှာ သူတို့၏ မိဘမျိုးရိုး၊ ဆွေစဉ် မျိုးဆက်စာရင်း၊ မွေးဖွားခြင်း၊ သေဆုံးခြင်း၊ ရာထူး ဌာနန္တရ၊ ပြုမူ လုပ်ဆောင်ချက်များ၊ ဂုဏ်ရည်အဆင့်အတန်း နှင့် အောင်မြင်ပြီးစီးမှုတို့ ဖြစ်ကြသည်။ ယေရှုသည် တစ်ပါးတည်း ကြီးမြတ်သော တော်ဝင် ယဇ်ပုရောဟိတ်မင်း ဖြစ်ကြောင်း အဆိုပြုချက် အပေါ် သံသယ မှန်သမျှ လုံးဝ ရှင်းလင်းသွားစေရန် အဆိုပါ အသေးစိတ် နှိုင်းယှဉ်ချက်တို့အား ဒီဇိုင်းချထားသည်။

ဟေဗြဲစာစောင်ထဲ နောက်ထပ်တွေ့ရသော အလင်္ကာရေးဟန် တစ်ခုမှာ *အိပ်ဇဲမ်ပလာ* ဟု ခေါ်သည်။ *အိပ်ဇဲမ်ပလာ* တို့သည် သီးသန့် ရှုထောင့်အမြင်တစ်ခုအတွက် ဆွဲဆောင်မှုရှိသည့် အကြောင်းပြချက်တစ်ခုကို တည်ဆောက်ရန် တစ်ခုပြီး နောက်တစ်ခု လိုက်လာသည့် ပုံဥပမာများ၊ သာဓကများ၏ စာရင်းပြုစုထားချက်များပင် ဖြစ်ကြသည်။ ဤအဟောအပြော နည်းစနစ်အား ဟေဗြဲ အခန်းကြီး ၁၁ အတွင်း ရင်းနှီးပြီးသား ယုံကြည်ခြင်း သစ္စာစောင့်ခဲ့သူတို့၏ စာရင်းတွင် တွေ့ရှိရသည်။ ထိုနေရာတွင် စာရေးသူက အမည်တပ်ပြီး စာရင်းပြုစုထားသည်မှာ အာဗေလ၊ ဧနောက်၊ နောဧ၊ အာဗြဟံ၊ ဆာရာ၊ ဣဇာက်၊ ယာကုပ်၊ ယောသပ်၊ မောရှေ၊ ဣသရေလလူမျိုးများ၊ ရာခပ်၊ ဂိဒေါင်၊ ဘာရက်၊ ရှံဆုန်၊ ယေဖသ၊ ဒါဝိဒ်၊ ရှမွေလမှစ၍ ပရောဖက်တို့ ပါဝင်သည်။ ဘုရားသခင့် အစေခံတို့သည် သူတို့ညှဉ်းပန်းနှိပ်စက်ခံခဲ့ရမှုများအတွင်း ဆက်လက် သစ္စာစောင့်သိသင့်သည် ဆိုသည့်အချက်ဆီ ပရိသတ်ကို ဆွဲဆောင်ရန် ဤ ရှည်လျားသော စာရင်းအား ဒီဇိုင်းချထားသည်။

ဟေဗြဲ စာရေးသူ အသုံးပြုသော တတိယမြောက် အလင်္ကာရေးဟန်အား ဟေဗြဲ ဘာသာနှင့် ဖော်ပြချက်အရ *ကိုးလ် ဝါဟိုးမား* ဟု သိကြသည်။ ဤအသုံးအနှုန်းအား ဂရိယဉ်ကျေးမှုလွှမ်းမိုးသော ရောမခေတ် အစဉ်အလာများမှာရော ဂျူးဘာသာရေး ဆရာတို့၏ ထုံးဓလေ့များမှာပါ အတွေ့များသည်။ ၎င်းအား "အတိမ်မှ အနက်သို့" "အသေးမှ အကြီးသို့" သို့မဟုတ် "အလွယ်မှ အခက်သို့" စသည်ဖြင့် ပြန်ဆိုနိုင်သည်။ ဤအကျိုးအကြောင်းပြ ဆွေးနွေးချက် ပုံစံမျိုးသည် ပရိသတ် အငြင်းမပွားသော

ရိုးရိုးရှင်းရှင်း အဆိုပြုချက်တစ်ခုနှင့် အစပြုသည်။ ထို့နောက် ၎င်းသည် ကနဦး၌ ပရိသတ် သံသယရှိသော်လည်း ယခုတွင် ပိုမိုလွယ်ကူစွာ လက်ခံလာနိုင်သည့် ပိုမိုခက်ခဲရှုပ်ထွေးသော နိဂုံးဆီသို့ တည်ဆောက်ယူသွားသည်။ အလွယ်ဆိုရလျှင် ရိုးရိုးရှင်းရှင်း အဆိုပြုချက်ကလေး မှန်ကန်သည် ဖြစ်သောကြောင့် ပိုမိုခက်ခဲသော နိဂုံးကောက်ချက်သည်လည်း မုချမသွေ မှန်ကန်ရမည်ဟု ဤအကြောင်းပြချက်က ပြောလိုရင်း ဖြစ်သည်။ ဟေဗြဲ ၁၀း၂၈-၂၉ ပါ ဤ အလင်္ကာရေးဟန် သုံးထားပုံကို နားထောင်ကြည့်ပါ။

> မောရှေ၏ တရားကို ပယ်သောသူမည်သည်ကား သက်သေခံ နှစ်ဦး သုံးဦး ရှိလျှင် သနားခြင်းကို မခံရဘဲ သေရ၏။ ထိုမျှမက ဘုရားသခင့် သားတော်ကို ခြေဖြင့် ကျော်နင်းသောသူသည် အဘယ်မျှလောက် ကြီးစွာသော ဒဏ်ဖြင့် ခံထိုက်သည်ကို သင်တို့ ထင်ကြသနည်း။ (ဟေဗြဲ ၁၀း၂၈-၂၉)။

ဤနေရာတွင် စာရေးသူက မောရှေ၏ ပညတ်တရားကို ငြင်းပယ်သူသည် သေပြစ်ထိုက်သည် ဆိုသည့် ပရိသတ်နားလည်သော အဆိုပြုချက်ဖြင့် အစပြုခဲ့သည်။ ထို့နောက် မောရှေထက် ကြီးမြတ်သော “ဘုရားသခင့်သားတော်” ကို “ခြေဖြင့်ကျော်နင်းသောသူတို့သည်” “အဘယ်မျှလောက်သာ၍” ပြစ်ဒဏ်ခံထိုက်သနည်းဟု ကျိုးကြောင်းပြခြင်းဖြင့် သူ့ပရိသတ်အပေါ် သူ ဆက်ပြီး ဖိအားပေးခဲ့သည်။

အဆိုပါ သာဓကတို့သည် စာရေးသူ့ ရည်ရွယ်ချက်တို့ အရေးတကြီး အလျင်စလို ရှိနေကြောင်း ကျွန်ုပ်တို့အား မြင်တွေ့လွယ်စေသည်။ သူ့ပရိသတ်သည် အလွန်ပင် အရေးကြီးလှသည့် အခြေအနေတစ်ရပ် ကြုံနေခဲ့ပြီး အလွန်ပင် ခက်ခဲလှသည့် ဆုံးဖြတ်ချက် အချို့ကို သူတို့ ချကြရတော့မည့် အချိန် ဖြစ်ကြောင်း သူ ယုံမှတ်ခဲ့သည်။ သို့ဖြစ်၍ သူတို့ အမှန်ကို ရွေးချယ်ကြဖို့ နိုးဆော်တိုက်တွန်းရန်နှင့် ဆွဲဆောင်သိမ်းသွင်းရန်တို့အတွက် သူလုပ်နိုင်သမျှ အားလုံးကို သူလုပ်ခဲ့သည်။

ယခုတွင် သူ့ ဆုံးမဩဝါဒပေးချက်တို့၏ ပြင်းပြထိရှမှုတို့က စာရေးသူ၏ ရည်ရွယ်ချက်ကို မည်သို့ အခိုင်အမာအားပေးခဲ့ကြောင်း ကျွန်ုပ်တို့ သိပြီး ဖြစ်သောကြောင့် စာစောင်၏ ဒုတိယ အင်္ဂါရပ် ဖြစ်သော ဆုံးမဩဝါဒပေးချက်တို့၏ ပန်းတိုင်ဆီသို့ ကျွန်ုပ်တို့ လှည့်ကြပါမည်။

## ဆုံးမဩဝါဒပေးချက်တို့၏ ပန်းတိုင်

ဟေဗြဲစာစောင်ကို ခြုံငုံလွှမ်းမိုးနေသော ရည်ရွယ်ချက်ကို အောက်ပါအတိုင်း ဖွင့်ဆိုနိုင်ကြောင်း ကျွန်ုပ်တို့ စောစောပိုင်းမှာ တွေ့ခဲ့ကြသည်။

> ဟေဗြဲစာစောင်ရေးသူသည် သူ့ပရိသတ်အား ဒေသန္တရ ဂျူး သွန်သင်ချက်များကို ငြင်းပယ်ပြီး ယေရှုအပေါ် သစ္စာခိုင်မြဲရေး အားပေးတိုက်တွန်းရန် ရေးသားခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဤအဓိပ္ပာယ်ဖွင့်ဆိုချက်က အခိုင်အမာဆိုထားသည့် စာရေးသူ့ ဆုံးမဩဝါဒပေးချက်တို့၏ ပန်းတိုင်သည် နှစ်ထပ်ကွမ်း ဖြစ်သည်။ သူ့ပရိသတ်တို့အား ဒေသန္တရ ဂျူးအစဉ်အလာ သွန်သင်ချက်တို့ကို ငြင်းပယ်စေလိုသည်။ ယေရှု တစ်ပါးတည်းကိုသာ မေရှိယအဖြစ် ဆက်လက်သစ္စာစောင့်သိစေလိုသည်။ ဒေသန္တရ ဂျူးအစဉ်အလာ သွန်သင်ချက်တို့အား သူ့ပရိသတ် ငြင်းပယ်စေဖို့ စာရေးသူက မည်သို့ တိုက်တွန်းခဲ့သည်ကို စဉ်းစားကြကြပါစို့။

## ဒေသန္တရ ဂျူးအစဉ်အလာ သွန်သင်ချက်တို့အား ငြင်းပယ်ရေး

ဟေဗြဲစာစောင် စာဖတ်ပရိသတ်သည် ညှင်းပန်းနှိပ်စက်မှုများကို ခံစားကြုံတွေ့ရပြီး ယင်းညှင်းပန်းနှိပ်စက်မှုတို့သည်လည်း သူတို့အားယုံကြည်ခြင်းကို စွန့်ပစ်သည့် အခြေဆိုက်အောင် သွေးဆောင်တွန်းပို့နေခဲ့ကြောင်း ကျွန်ုပ်တို့ မှတ်သားမိခဲ့ကြပြီး ဖြစ်သည်။ သို့သော် ဤသွေးဆောင်မှုသည် ကျွန်ုပ်တို့ ပထမ ထင်မြင်ခဲ့သည့် အရာတော့ မဟုတ်ခဲ့ပါ။ ဟေဗြဲ စာစောင်ရေးချိန်တွင် ခရစ်ယာန်တို့သည် ခရစ်ယာန်များအတွက်သာ ထူးထူးခြားခြား မှန်ကန်သည့် သူတို့၏ယုံကြည်ချက်များကို စွန့်လွှတ်ပြီး သူတို့၏ ဒေသန္တရ ဂျူး လူ့အဖွဲ့အစည်း နှင့် ပိုမိုနီးကပ်စွာ တစ်သားတည်း ဖြစ်နေလျှင် လုံခြုံရာကို ရှာတွေ့နိုင်ကြမည့်ပုံရသည်။

ပထမရာစုနှစ်တွင် ဂျူးတို့သည် အထူးအခွန်ငွေများပေးဆောင်ကြရသည်။ တစ်ချိန်ပြီး တစ်ချိန် ညှင်းပန်း နှိပ်စက်ခံခဲ့ကြရသည်။ သို့သော် မကြာခဏ ဆိုသလို ရောမအင်ပါယာထဲက ဂျူးလူ့အဖွဲ့အစည်းတို့သည် သူတို့၏ ယုံကြည်ခြင်းကို လွတ်လပ်စွာ စောင့်ထိန်းခွင့် ရှိခဲ့ကြသည်။ ခရစ်ယာန်တို့သည်လည်း ဂျူး ဘာသာနှင့် နီးနီးကပ်ကပ် တစ်သားတည်း ရှိခဲ့သောကြောင့် အစောပိုင်းကာလမှစပြီး ထိုအတိုင်း ဖြစ်ခဲ့ကြသည်။ သို့သော် အချိန်ကုန်လွန်လာခဲ့သည်နှင့် အမျှ ခရစ်ယာန်တို့အား ဂျူး ဂိုဏ်းဂဏခွဲတစ်ခု အဖြစ် ရှုမြင်ထားမှုသည် ပျောက်ကွယ်လွင့်ပါးစ ပြုလာခဲ့သည်။ အမှန်တွင် တမန်တော် ဝတ္ထုအရ ရှင်ပေါလု၏ ကာလမှာပင်လျှင် ဂျူးတရားဇရပ်တို့သည် ခရစ်တော်၏ နောက်လိုက်များကို ငြင်းပယ်ခဲ့ပြီး သူတို့အား ညှင်းဆဲရန် ဒေသန္တရ အာဏာပိုင်တို့ကို အားပေးအားမြှောက် ပြုခဲ့သည်။ အနီးစပ်ဆုံး ဆိုရပါလျှင် ဟေဗြဲစာစောင်၏ မူလပရိသတ်တို့ ကြုံတွေ့နေရသော အခြေအနေသည် ဤပုံစံပင် ဖြစ်ခဲ့သည်။ ထိုသို့သောအားဖြင့် ကာလရှည်ကြာသော ဆင်းရဲဒုက္ခတို့သည်လည်း ခရစ်ယာန် ယုံကြည်ခြင်းတရားနှင့် ဆန့်ကျင်သည့် ဒေသန္တရ ဂျူး လူ့အဖွဲ့အစည်း၏ သွန်သင်ချက်များကို လက်ခံရန် သူတို့အား သွေးဆောင်ဖြားယောင်းလာခဲ့တော့သည်။

စိတ်ဝင်စားဖွယ်ကောင်းစွာပင် ဟေဗြဲစာစောင် ရေးသူသည် ဂျူး ဘာသာရေး လျှို့ဝှက်ဟန်ဆောင်မှု၊ ပညတ်လိုက်လျှောက်မှု ရှေ့တန်းတင်ဝါဒတို့နှင့် ပုံမှန်အားဖြင့် တွဲဖက်နေသော အရေးအရာကိစ္စမျိုးများကို ကိုယ်တွယ်ဖြေရှင်းခဲ့ခြင်း မရှိပေ။ အဆိုပါ အရေးကိစ္စတို့သည် အရေးကြီးသည်မှာ မှန်ကန်သလောက် ၎င်းတို့သည် ဟေဗြဲစာစောင်ထဲ၌ အဓိကအာရုံစိုက်ခံရသည့် အရာများ မဟုတ်ကြပါပေ။ ထိုအစား စာရေးသူသည် အခြေခံအားဖြင့် မှားယွင်းသော ယုံကြည်ချက်များနှင့် အလေ့အထများ၊ အထူးသဖြင့် ပါလက်စတိုင်း ဂျူးဘာသာ

ခေတ်ရေစီးကြောင်းပြင်ပရှိ ဂျူး လူ့အဖွဲ့အစည်းများ အတွင်း တိုးတက်ဖြစ်ထွန်းလာသည့် အရာများကိုသာ အဓိက ကိုင်တွယ်ထားသည်။ ဟေဗြဲ ၁၃း၉ တွင် ဟေဗြဲစာစောင်ရေးသူ မည်သည့်အရာ ရေးခဲ့သည်ကို နားထောင်ကြည့်ပါ။

> အထူးထူးအပြားပြားသော အယူဝါဒသစ်ကို လိုက်၍ မဖောက်ပြန်ကြနှင့်။ အစာများအားဖြင့် စိတ်ခိုင်ခံ့မြဲမြံခြင်း မရှိဘဲ ကျေးဇူးတော်အားဖြင့် ခိုင်ခံ့မြဲမြံလျှင် အကျိုးရှိ၏။ အစာများကို အမှုထားသောသူတို့သည် အကျိုးကို ရကြပြီ မဟုတ် (ဟေဗြဲ ၁၃း၉)။

ဤကျမ်းချက်တွင် "ကျေးဇူးတော်အားဖြင့် ခိုင်ခံ့မြဲမြံခြင်း" နှင့် "အစာများအားဖြင့်" စိတ်ခိုင်ခံ့မြဲမြံခြင်း နှစ်ခုတို့အား စာရေးသူက ဆန့်ကျင်ခြားနားထားသည်။ ဤသီးသန့် စူးစိုက်မှုမှာ တွေ့နေမြင်နေကျ ဖြစ်သည်။ သို့သော် ဤအရာသည် "အထူးထူးအပြားပြားသော အယူဝါဒသစ်" ဟု သူခေါ်ဆိုသည့်အထဲမှ နမူနာတစ်ခုမျှသာ ရှိသေးကြောင်း သတိပြုကြရပါမည်။ တနည်းပြောရလျှင် ဒေသန္တရ ဂျူး လူမှုအဖွဲ့အစည်းက သွန်သင်သည့် ပုံမှန်မဟုတ်သော သို့တည်းမဟုတ် ထူးဆန်းသော သြဝါဒများ ဖြစ်ကြသည်။ သို့ဖြစ်၍ ပရိသတ်တို့ လိုက်နာကျင့်ဆောင်ရန် သွေးဆောင်ခံရသည့် အဆိုပါ "အထူးထူးအပြားပြားသော အယူဝါဒသစ်များ" မှာ ဘာတွေ ဖြစ်ခဲ့ပါသနည်း။

ပြီးခဲ့သည့် ရာစုနှစ်လယ်လောက်က ဤမေးခွန်းအတွက် အထောက်အကူဖြစ်စေသည့် ထိုးထွင်းအမြင်များစွာတို့သည် ကွမ်မ်ရန် ဒေသ ပင်လယ်သေ ကျမ်းစာလိပ်များအား ရှာဖွေတွေ့ရှိမှုနှင့်အတူ ပေါ်ပေါက်လာခဲ့သည်။ ဤ ကာလကြာရှည် ပျောက်ဆုံးနေခဲ့သည့် မှတ်တမ်းမှတ်ရာပုံကြီးထဲတွင် ဓမ္မဟောင်းကျမ်းများသာမက ပင်လယ်သေ အနီးနေထိုင်ခဲ့သည့် လူ့အခွင့်အရေး ပိတ်ပင်ဆီးတားခံထားရသော ဂျူးလူ့အဖွဲ့အစည်း၏ ထူးခြားသော သွန်သင်ချက်များကို ကိုယ်စားပြုသည့် ကျမ်းစာပြင်ပ အရေးအသားများလည်း ပါဝင်ခဲ့သည်။ လူ့အဖွဲ့အစည်း၏ စည်းမျဉ်း၊ ဒမသက် ပဋိညာဉ်၊ စစ်တိုက်စာ၊ မေလခိဇေဒက် အနက်ဖွင့်ကျမ်း၊ "ကင်းစောင့်များကျမ်း" "အိပ်မက်များကျမ်း" ဟုခေါ်သည့် ဧနောက်ကျမ်း ပထမစောင်ထဲက ကဏ္ဍများလို စာစောင်တွေ ပါဝင်ခဲ့သည်။ အဆိုပါ စာစောင်များထဲတွင် ဟေဗြဲစာစောင်၌ ကိုင်တွယ်ထားသည့် ဓမ္မပညာဆိုင်ရာ အရေးအရာတို့နှင့် တူညီသည့် သြဝါဒ အများအပြား ပါရှိသည်။

ယခုတွင် အဆိုပါ သွန်သင်ချက်တို့သည် ဤလူ့အဖွဲ့အစည်း အတွက် သီးသန့် မဟုတ်ခဲ့ကြောင်း မှတ်သားမိဖို့ အရေးကြီးပါသည်။ မြေထဲပင်လယ်ဝန်းကျင်က ဂျူး အုပ်စုများသည်လည်း အလားတူ ရှုထောင့်အမြင်များ ရှိခဲ့ကြသည်။ အမှန်ဆိုရလျှင် ဖေက် သြဝါဒစာနှင့် ကောလောသဲ သြဝါဒစာတို့သည် သူတို့ ဌာနေများ၌ ဖြစ်ပေါ်သည့် တူညီ အရေးအရာများကို ကိုင်တွယ် ဖြေရှင်းထားကြသည်။ သို့တစေ ဟေဗြဲစာစောင်နှင့် ကွမ်မ်ရန် စာစောင်များထဲ တွေ့ရသည့် တူညီအကြောင်းအရာအချို့ကို ကျွန်ုပ်တို့ မှတ်သားမိပါလျှင် ဟေဗြဲစာစောင်ထဲက ဂျူး ဒေသန္တရ ယုံကြည်ချက်များကို ဆန့်ကျင်ဆုံးမထားသည့် သြဝါဒပေးချက်များစွာအား ကျွန်ုပ်တို့ နားလည်လွယ်ပါလိမ့်မည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ကွမ်မ်ရန် သဲကန္တာရမှာတွေ့ရသော ပင်လယ်သေ ပေစာလိပ်တို့သည် အံ့ဖွယ်မှတ်တမ်းများ ဖြစ်သည်မှာ မှန်ပါသည်။ ၎င်းတို့သည် အထူးသဖြင့် ဗိမ္မာန်တော်စွဲရှိသည့် ဂျူး ခေတ်ရေစီးကြောင်းကို ဆန့်ကျင်ပြီး လက်အောက်မခံလိုဘဲ တော်လှန်ပြောင်းလဲရေးအမြင်ရှိသည့် ဂျူး ဂိုဏ်းခွဲတစ်ခု အဖြစ် မိမိတို့ကိုယ် မိမိတို့ ဖွင့်ဆိုကြသူတို့၏ လက်ရာများ ဖြစ်ကြသည်။ သို့ဖြစ်သောကြောင့် ဟေဗြဲစာစောင်နှင့် အလားတူ ခပ်ဆင်ဆင်ပင် ကွမ်မ်ရန် ဂိုဏ်းဝင်တို့သည် သူတို့ကိုယ်သူတို့ ပဋိညာဉ်တရားသစ်အောက်က ဗိမ္မာန်တော်သစ် အဖြစ် သဘောထားခဲ့ကြပုံ ရသည်။ ယခုတွင် အထူးသဖြင့် ဓမ္မဟောင်းထဲက ပိုမို၍ ထုံးဓလေ့ကျနသည့် ရှုထောင့်အချို့ ပါရှိနေသည့်အတွက် မတူညီချက်များစွာလည်း ရှိနေပြန်သည်။ ကွမ်မ်ရန် လူစုသည် ဟေဗြဲစာစောင်ထဲ အကြံပြုထားသလို ၎င်းတို့အား ကွယ်ပျောက်ခေတ်ကုန်သွားစေမည့်အစား ပြန်လည်အသက်သွင်းဖို့ကိုသာ အမှန်တကယ် အလိုရှိခဲ့သည်။
>
> **ဒေါက်တာ Sean McDonough**

ဤအကြောင်းကြောင့်ပင် ဟေဗြဲစာစောင်နှင့် ကွမ်မ်ရန် မှတ်တမ်း နှစ်ခုလုံးတွင် တွေ့ရသည့် အကြောင်းအရာ လေးခုမျှကိုသာ ကျွန်ုပ်တို့ အတိုချုံး ဖော်ပြကြပါမည်။

**စီရင်ထုံးဖွဲ့ထားသော အစားအသောက်များ** ပထမအနေဖြင့် စာရေးဆရာသည် စီရင်ထုံးဖွဲ့ထားသော အစားအသောက်များကို စားသုံးခြင်းဆိုင်ရာ သီးသန့် သာဓက တစ်ခုကို ဟေဗြဲ ၁၃း၉ တွင် ဆန့်ကျင်ပြောဆိုထားကြောင်း ကျွန်ုပ်တို့ မှတ်သားခဲ့ကြပြီး ဖြစ်သည်။

ကွမ်မ်ရန်တွင် ကျင့်သုံးသော ထုံးဓလေ့ များစွာအား *လူ့အဖွဲ့အစည်း၏ စည်းမျဉ်း* ဟု ခေါင်းစဉ်ပေးထားသော စာစောင်ထဲတွင် ဖော်ပြထားသည်။ အခြားသော အရာများစွာ ရှိသည့်ထဲတွင် ကွမ်မ်ရန် လူ့အဖွဲ့အစည်းသည် အလေးအမြတ်ထားသော အစားအသောက်တို့ကို အထူးသဖြင့် စားသုံးကြသည့် သန့်ရှင်းသော မိတ်သဟာယစားပွဲများကို ပုံမှန် ကျင်းပလေ့ ရှိခဲ့သည်။

**အခြေခံ သွန်သင်ချက်များ** ဒုတိယအနေဖြင့် ဟေဗြဲစာစောင်ထဲ ဆွေးနွေးထားသော အခြေခံ သွန်သင်ချက်အစုအဝေးသည် ကွမ်မ်ရန် ကျမ်းစာသားများထဲတွင်လည်း ပါရှိနေသည်။ သာဓကအားဖြင့် ဟေဗြဲ ၆း၁-၂ တွင် စာရေးသူသည် နောင်တရခြင်း၊ ယုံကြည်ခြင်း၊ ဗတ္တိဇံတရားဆိုင်ရာ အထုံးအဖွဲ့များ၊ လက်တင်ခြင်း၊ သေလွန်သောသူတို့ ထမြောက်ခြင်းနှင့် ထာဝရ စီရင်ဆုံးဖြတ်ခြင်းတို့ကို ဖော်ပြထားသည်။ စိတ်ဝင်စားဖွယ်ပင် ကွမ်မ်ရန်တွင် တွေ့ရသည့် *လူ့အဖွဲ့အစည်း၏ စည်းမျဉ်း* နှင့် *စစ်တိုက်စာ* တို့သည်လည်း ပါလက်စတိုင်း ဂျူးဘာသာ ခေတ်ရေစီးကြောင်းမှ ကွဲပြားခြားနားသည့် ပုံစံများဖြင့် အဆိုပါကိစ္စများအပါအဝင် အလားတူ အရာများအပေါ် အကြီးအကျယ် အာရုံ ရောက်အောင် ဆွဲယူထားသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

**ကောင်းကင်တမန်များ** တတိယအနေဖြင့် ကွမ်မ်ရန် စာပေသည် ဟေဗြဲစာစောင်ထဲက ကောင်းကင်တမန်များအပေါ် ကျွန်ုပ်တို့ စူးစိုက်နိုင်ဖို့ ကူညီပေးသည်။ ဟေဗြဲ စာစောင်သည် ကောင်းကင်တမန်များ အကြောင်း ယုံကြည်ချက်များကို ကျမ်းပိုဒ်များစွာထဲတွင် ဆွေးနွေးထားသည်။ ဤစူးစိုက်မှုသည် *လူ့အဖွဲ့အစည်း၏ စည်းမျဉ်း* စာစောင်လို စာအုပ်များထဲက သွန်သင်ချက်များနှင့် တူညီသော ယုံကြည်ချက်ပုံစံများအား ပြန်လည်တုန့်ပြန်ချက်လည်း ဖြစ်သည်။ အဆိုပါ စာစောင်တို့သည် ကောင်းကင်တမန် အဆိုးနှင့် အကောင်းတို့၏ တန်ခိုးများ၊ ဘုရားသခင့် ဗျာဒိတ်တော်ကို ဆင့်ဆိုသူများအဖြစ် အစေခံရာ၌ သူတို့၏ လုပ်ငန်းဆောင်တာများ၊ သူတို့ထက် နိမ့်ကျသော လူသားများအပေါ် သက်ရောက်သော သူတို့၏ ဩဇာအရှိန်အဝါများ စသည့် အကြောင်း များကို အမွှမ်းတင်ထားသည်။ သိသာထင်ရှားစွာပင် ဟေဗြဲ စာစောင် မူလပရိသတ်တို့သည် အဆိုပါ သွန်သင်မှုများထံ ဆွဲဆောင်ခံခဲ့ကြရသည်။

**မေလခိဇေဒက်** စတုတ္ထအနေဖြင့် ကွမ်မ်ရန် မှတ်တမ်းများသည် ဓမ္မဟောင်း ဇာတ်ကောင် မေလခိဇေဒက် အကြောင်း ဟေဗြဲစာစောင်ရေးသူ၏ ထူးထူးခြားခြား စိတ်ပါဝင်စားမှု ရှိပုံကို ကျွန်ုပ်တို့အား နားလည်လွယ်စေသည်။

မေလခိဇေဒက်နှင့် ယေရှုတို့အကြား နှိုင်းယှဉ်လေ့လာမှုများသည် ဟေဗြဲစာရေးသူအတွက် အဘယ်ကြောင့် အရေးကြီးလှကြောင်း ရှင်းပြရန် ခက်နေခြင်းသည် အနက်ဖွင့်သူတို့အတွက် အရှည်ကြာဆုံး ဖြစ်ခဲ့သည်။ သို့တစေ ကွမ်မ်ရန်တွင် တွေ့ရသော *၁၁ ကြူ မေလခိဇေဒက်* သို့မဟုတ် *မေလခိဇေဒက် ဂျူးအနက်ဖွင့်ကျမ်း* ဟု ခေါ်လေ့ရှိသော ကျမ်းတစ်ခုကမူ မေလခိဇေဒက်သည် နောက်ဆုံးသောကာလ၌ အပြစ်ဖြေရာနေ့ကို ကြေညာရန် နှင့် ဘုရားသခင့်လူတို့အတွက် အဆုံးသတ် အပြစ်ဖြေရန် ပေါ်ထွန်းလာမည့် ကောင်းကင်ပုဂ္ဂိုလ်တစ်ပါးဖြစ်ကြောင်း မှားယွင်းစွာ သွန်သင်ခဲ့သည်။ ပေါ်လွင်နေသည့် အချက်များအားလုံးအရ ဟေဗြဲစာစောင် ၏ မူလပရိသတ်တို့သည် အဆိုပါ အချက်များ သို့မဟုတ် မှားယွင်းသော ယုံကြည်ချက်များကို ကိုင်စွဲဖို့ သွေးဆောင်ခံခဲ့ကြရသည်။

ဂျူး လူ့အဖွဲ့အစည်းအတွင်း ဖြန့်ဝေ ပျံ့နှံ့လျက်ရှိသော ယုံကြည်ချက်ပုံစံ အမှားအယွင်းတို့ကို ဖော်ထုတ်ခြင်းသည် ဟေဗြဲစာရေးသူက သူ့ပရိသတ်အား အဘယ်ကြောင့် အဆိုပါ သွန်သင်ချက်များကို ဆန့်ကျင်ပြီး ယေရှုကိုသာ ဆက်လက် သစ္စာစောင့်ဖို့ ဆုံးမဩဝါဒပေးခဲ့ရကြောင်း ကျွန်ုပ်တို့ သိနားလည်စေရန် အထောက်အကူ ဖြစ်စေသည်။

> ပင်လယ်သေ ကျမ်းစာလိပ်တို့၏ သွန်သင်ချက်များနှင့် ဟေဗြဲစာစောင်ပါ သွန်သင်ချက်တို့အကြား စိတ်ဝင်စားဖွယ် တူညီမှု အများအပြား ရှိနေသည်။ အထူးခြား အလေးနက်ဆုံးမှာ လူ့အဖွဲ့အစည်း နှစ်ခုလုံးက သူတို့သည် နောက်ဆုံးသောကာလ၌ အသက်ရှင်နေခဲ့ကြပြီး ဘုရားသခင့် အဆုံးသတ် ကယ်တင်ခြင်းသည်လည်း များမကြာမီ ရောက်ရှိလာတော့မည်ဖြစ်ကြောင်း သူတို့ အသိအမှတ်ပြု သို့မဟုတ် ယုံကြည်ကြခြင်းပင် ဖြစ်သည်။ ကွဲပြားခြားနားသည်မှာ ဟေဗြဲစာစောင်ထဲတွင် ဘုရားသခင့် ကယ်တင်ခြင်းသည်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ရောက်ရှိလာခဲ့ပြီး ဖြစ်သည်ဆိုသည့်အချက်ဖြစ်သည်။ ကွမ်မ်ရန် (ဝါ) ပင်လယ်သေ ကျမ်းစာလိပ်များ၌မူ အချိန်မရွေး ဖြစ်ပေါ်လာဖို့ သူတို့ မျှော်လင့်နေခဲ့ကြသည်။ သို့တစေ ထိုနှစ်ခုကြား စိတ်ဝင်စားဖွယ် အကောင်းဆုံး နှိုင်းယှဉ်ချက်မှာ မေလခိဇေဒက် ဟူသော ပုဂ္ဂိုလ်၏ အခန်းကဏ္ဍပင် ဖြစ်ပါလိမ့်မည်။ ဟုတ်ပါသည်။ ဟေဗြဲစာစောင်ထဲက မေလခိဇေဒက် ဖြစ်ပါသည်။ ယေရှု၏ ယဇ်ပုရောဟိတ်အရာသည် ဓမ္မဟောင်း အစဉ်အလာဖြစ်သည့် အာရုံပုံစံကို မလိုက်ဘဲ မေလခိဇေဒက်ပုံစံကိုသာ လိုက်ခဲ့ကြောင်း မေလခိဇေဒက် ဆိုင်ရာ ဓမ္မပညာ သွန်သင်ချက်အား စာရေးသူ တိုးတက် တည်ဆောက်ခဲ့သည်။ အကြောင်းမှာ မေလခိဇေဒက်သည် ကမ္ဘာဦးကျမ်းထဲ အာဗြဟံနှင့် တွေ့ဆုံခဲ့သည့် တရားဝင် ယဇ်ပုရောဟိတ်မင်း တစ်ပါး ဖြစ်ကြောင်း ကျွန်ုပ်တို့ တွေ့ရ၍ ဖြစ်သည်။ ထို့ကြောင့် ဤ မေလခိဇေဒက် နှိုင်းယှဉ်ချက်သည် ခိုင်လုံပြီး တရားဝင်သည်။ ပင်လယ်သေ ကျမ်းစာလိပ်များထဲတွင် ထိုကျမ်းစာများထဲ အပါအဝင် ဖြစ်သည့် ကျမ်းလိပ် တစ်ခု ရှိသည် ၁၁ ကြူ မေလခိဇေဒက် ဟု ခေါ်သည်။ အကြောင်းမှာ ၎င်းအား ပင်လယ်သေ ကျမ်းစာလိပ်များ ထားသိုရာ လိုဏ်ဂူ အမှတ် ၁၁ တွင် တွေ့ရှိရသောကြောင့် ဖြစ်သည်။ ၎င်းသည် ဤ မေလခိဇေဒက်အား ကယ်တင်ခြင်းကို ဆောင်ယူလာပေးမည့် တန်ခိုးကြီးပြီး ကောင်းကင် ဘုန်းအသရေနှင့် ပြည့်စုံသော ကယ်တင်ရှင်ကဲ့သို့သော ပုဂ္ဂိုလ်တစ်ပါး အဖြစ် ပုံဖော်ထားသည်။ သို့ဖြစ်၍ မေလခိဇေဒက်သည် ဟေဗြဲစာစောင်ထဲ၌ ခရစ်တော်ကို ပုံဆောင်သူ ဖြစ်နေပြီး ပင်လယ်သေ ကျမ်းစာလိပ်များထဲ၌မူ မေရှိယ ကယ်တင်ရှင် ကဲ့သို့သော ပုဂ္ဂိုလ် ဖြစ်လာသည့်အတွက်လည်း နှိုင်းယှဉ်ချက်က စိတ်ဝင်စားဖွယ် ကောင်းနေရခြင်း ဖြစ်သည်။ ထို့ကြောင့် ပညာရှင်တို့သည် ဟေဗြဲစာစောင်ထဲက မေလခိဇေဒက် ပုဂ္ဂိုလ်နှင့် ပင်လယ်သေ စာလိပ်များထဲ ပေါ်ပေါက်နေသည့် မေလခိဇေဒက်တို့အကြား ဆက်နွယ်မှုမည်သို့ ရှိသည် ဆိုသည့်အပေါ် ရှုပ်ထွေးကြရသည်။ စိတ်ဝင်စားဖွယ်နှိုင်းယှဉ်ချက်ပင် ဖြစ်သည်။

**ဒေါက်တာ Mark L. Strauss**

ဟေဗြဲစာစောင် ဆုံးမဩဝါဒ ပေးချက်တို့ ၏ ပန်းတိုင်မှာ ဒေသန္တရ ဂျူး လူ့အဖွဲ့အစည်း ၏ သွန်သင်ချက်တို့ကို ငြင်းပယ်ရန် ပရိသတ်ကို တိုက်တွန်းရေးသာမကပါ။ ထို့ထက် ပိုသည်မှာ ယေရှုအပေါ် မေရှိယအဖြစ် သူတို့ ဆက်လက် သစ္စာရှိနေစေဖို့ စာရေးသူ အလိုရှိနေခဲ့ခြင်း ဖြစ်သည်။

## ယေရှုအပေါ် ဆက်လက် သစ္စာခိုင်ခြင်း

ယေရှုကို သစ္စာရှိစွာ အလုပ်အကြွေးပြုဖို့ ပရိသတ်ကို တိုက်တွန်းရေး ပန်းတိုင် ပြီးမြောက်အောင်မြင်စေရန် ဟေဗြဲ စာစောင် ရေးသူသည် သူ့ ဆုံးမဩဝါဒ ပေးချက်တို့အား အဓိက အပိုင်း ငါးပိုင်း ခွဲခြား ဖွဲ့စည်းထားသည်။ နောင်လာမည့် ကျွန်ုပ်တို့ သင်ခန်းစာထဲတွင် အဆိုပါ အပိုင်း တစ်ခုချင်းစီကို ကျွန်ုပ်တို့ အသေးစိတ် လေ့လာကြပါမည်။ သို့သော် ယခုအနေအထားတွင် တစ်ခုချင်းစီ၌ ပါဝင်သော အခရာ ကျသည့် အရေးအရာတို့ကို အကျဉ်းချုပ်ဖော်ပြခြင်းက အထောက်အကူ ဖြစ်စေပါသည်။

ဟေဗြဲ ၁း၁-၂း၁၈ တွင် ဟေဗြဲ စာစောင် ရေးသူသည် သူ့ပရိသတ်တို့အား ကောင်းကင်တမန်တို့ ဖွင့်ပြသော ဗျာဒိတ်များထက် ခရစ်တော်က သာလွန်ကြီးမြတ်ကြောင်း အခိုင်အမာဝန်ခံကြဖို့ သူ့ပရိသတ်ကို ဖိတ်ခေါ် ခဲ့သည်။

ဟေဗြဲစာစောင်သည် ကောင်းကင်တမန်များအကြောင်း အမှား သွန်သင်ချက်များကို ဆန့်ကျင် ပြောဆိုထားကြောင်း ဤသင်ခန်းစာထဲ၌ ကျွန်ုပ်တို့ စောစောပိုင်း ဖော်ပြခဲ့သည်။ ဂျူး အရေးအသား များစွာတို့သည် နိမ့်ကျသော လူသားများထံ ဘုရားသခင့် ဗျာဒိတ်များကို ယူဆောင်လာပေးသည့် တန်ခိုးနှင့် ဘုန်း အသရေရှိ အစေခံများ အဖြစ် ကောင်းကင်တမန်တို့အား ချီးမြှောက်လေ့ ရှိခဲ့သည်။ ကောင်းကင်တမန်များကို ဤသို့ ဂုဏ်ပြုခြင်းသည် ခရစ်တော် နောက်လိုက်များအတွက် ဆိုးရွားသော စိမ်ခေါ်ချက် တစ်ခု ပေါ်ပေါက်စေခဲ့သည်။ ယေရှုသည် အသွေးအသားရှိသူ ဖြစ်သည်။ သို့ဆိုပါက ကောင်းကင်တမန်တို့ ဆင့်ဆိုသော ဗျာဒိတ်ဖွင့်ပြချက်များကို လိုက်နာမည့် အစား ကိုယ်တော်ပြောဆိုသော အရာတို့ကို မည်သူ လိုက်နာနိုင်ပါအံ့နည်း။ စာရေးသူသည် ဓမ္မဟောင်းကျမ်းနှင့် ယေရှုသက်တော်စဉ်၊ အသေခံတော်မူခြင်း၊ ရှင်ပြန်ထမြောက်ခြင်း၊ ကောင်းကင်တက်ကြွခြင်း၊ ဘုန်းတော်၌ ပြန်ကြွလာခြင်းတို့ကို အသုံးပြု၍ ကိုယ်တော်သည် ကောင်းကင်တမန်တို့ထက် အမှန်စင်စစ် သာလွန်ကြီးမြတ်ကြောင်း ထင်ရှားပြသခြင်းအားဖြင့် ဤဒေသန္တရ ဂျူး သွန်သင်ချက်ကို တုန့်ပြန်ခဲ့သည်။

ဟေဗြဲ ၃း၁-၄း၁၃ ပါ ဒုတိယမြောက် အဓိက အပိုင်းက ယေရှုကို မောရှေ၏အခွင့်အာဏာ အထက်တွင် နေရာပေးရန် ဖြစ်ကြောင်း ထင်ရှားပြသသည်။

ယေရှု နောက်လိုက်များသည် မောရှေအားဖြင့် ဘုရားသခင် စီမံ ပြဋ္ဌာန်းခဲ့သော ယဇ်ပူဇော်ခြင်းဆိုင်ရာ လုပ်ငန်းများကို လိုက်နာစောင့်ထိန်းခြင်း မရှိနေကြောင်း လူတိုင်းအဖို့ သိသာထင်ရှားနေသည်။ ဒေသန္တရ ဂျူး လူ့အဖွဲ့အစည်း သည် မောရှေနှင့်တကွ သူ့ လုပ်ပုံကိုင်ပုံများအတိုင်း ခရစ်ယာန်များ ပြန်လုပ်ကြဖို့ ဖိတ်ခေါ် ခဲ့သည် ဟေဗြဲစာစောင်ရေးသူက မောရှေသည် ဘုရားသခင့် သစ္စာရှိ အစေခံ ဖြစ်ကြောင်း အခိုင်အမာ အတည်ပြုခြင်းဖြင့် တုန့်ပြန်ခဲ့သည်။ သို့တစေ ယေရှုသည် ပို၍ သာလွန်ကြီးမြတ်သည်။ အကြောင်းမှာ ကိုယ်တော်သည် ဘုရားသခင့် တော်ဝင်သားတော် ဖြစ်သောကြောင့်ပင်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကောင်းကင်တမန်များနှင့် မောရှေတို့အကြောင်း ထည့်သွင်း ဆွေးနွေးပြီးသည့်နောက် ဟေဗြဲစာစောင်ရေးသူသည် ၄း၁၄-၇း၂၈ အတွင်း မေလခိဇေဒက်၏ ယဇ်ပုရောဟိတ်အရာဆီ လှည့်သွားခဲ့သည်။

ဤအပိုင်းထဲတွင် စာရေးသူက ယေရှုသည် မေလခိဇေဒက် နည်းတူ သာလွန်ကြီးမြတ်သော တော်ဝင် ယဇ်ပုရောဟိတ် ဖြစ်ကြောင်း တင်ပြခဲ့သည်။ ကြည့်ရသည်မှာ ဒေသန္တရ ဂျူး လူ့အဖွဲ့အစည်းသည် မူလ ပရိသတ်အား ယေရှုကို မေရှိယအဖြစ် ယုံကြည်ခြင်းမှ ငြင်းပယ်စေလိုသည်။ အကြောင်းမှာ နောက်ဆုံးသောကာလ၌ ကြီးမြတ်သော တော်ဝင် ယဇ်ပုရောဟိတ်မင်းကြီးအဖြစ် မေလခိဇေဒက် ပေါ်ထွန်းလာလိမ့်မည် ဆိုသည့် သူတို့၏ ယုံကြည်ချက်များကြောင့်ပင် ဖြစ်သည်။ ၎င်းကို တုန့်ပြန်သည့် အနေဖြင့် ဟေဗြဲစာစောင် ရေးသူက ယေရှုသည် ဤနောက်ဆုံးကာလအခါ အပြစ်အတွက် ထာဝရ အပြစ်လွှတ်ခြင်းကို ပေးရန် ပေါ်ထွန်းခဲ့သော တော်ဝင် ယဇ်ပုရောဟိတ်မင်း အစစ်အမှန်ဖြစ်ကြောင်း ထင်ရှားပြသခဲ့ခြင်း ဖြစ်သည်။

၈း၁-၁၀း၄၀ တွင် ဟေဗြဲစာစောင်ရေးသူသည် ယေရှု၌ ဖွဲ့သော ပဋိညာဉ်သစ်၏ သာလွန်ကြီးမြတ်ပုံကို ရှင်းပြခဲ့သည်။ ဒေသန္တရ ဂျူး လူ့အဖွဲ့အစည်း၏ သွန်သင်ချက်တို့သည် ယေရမိ အားဖြင့် ကတိပြုခဲ့သော ပဋိညာဉ်သစ်ကို ပုံဖော်ရန် ယေရှု ကြွလာခဲ့ပြီး ဖြစ်ကြောင်း ခရစ်ယာန်တို့၏ ဆင့်ဆိုချက်အပေါ် သံသယပွားစေခဲ့သည်။ သို့သော် ဟေဗြဲစာစောင် ရေးသူက အမှန်စင်စစ် ယေရှုသည် ပဋိညာဉ် တရားသစ်၏ အာမခံဖြစ်ကြောင်း ညွှန်ပြခဲ့သည်။

ပရိသတ်သည် လက်တွေ့ကျကျ သည်းခံဖြတ်သန်းရန်လိုကြောင်း ဟေဗြဲစာစောင်ရေးသူက နည်းလမ်းစုံသုံးကာ နောက်ဆုံး အဓိက အပိုင်း ဖြစ်သည့် ၁၂း၁-၁၃း၂၅ တွင် အကျယ်တဝင့် ပြဆိုခဲ့သည်။

ဤအပိုင်းတွင် ရှည်လျားသော ဆုံးမဩဝါဒပေးချက်စဉ် တစ်ခုနှင့်အတူ အဆိုပါ ဆုံးမဩဝါဒပေးချက်တို့အား ထပ်ဆင့် ရှင်းပြချက်များပါ ပါရှိသည်။ သူတို့၏ ယုံကြည်ခြင်းကို ဆန့်ကျင်နေသော ဒေသန္တရ ဂျူး လူ့အဖွဲ့အစည်းအပါအဝင် နေရာစုံမှလာသည့် စိမ်ခေါ်ချက် များစွာအရ စာရေးသူသည် သူ့ပရိသတ်ကို လှုံ့ဆော်ရန်နှင့် အားရှိလာစေရန် ရေးခဲ့ခြင်း ဖြစ်သည်။ ဘုရားသခင့် ကတိတော်များနှင့် ယေရှု၌ ခံစားရသော ကောင်းချီးများအကြောင်း သူတို့ကို ပြန်သတိပေးခြင်းဖြင့် ယေရှုအပေါ် မေရှိယအဖြစ် ဆက်လက် သစ္စာခိုင်မြဲကြရန် သူ ဆုံးမဩဝါဒ ပေးခဲ့သည်။

> အပြုသဘော ရှုမြင်ရပါလျှင် ဆုံးမဩဝါဒပေးချက် အများအပြားကို သုံး၍ သူ့စာဖတ်သူတို့အား သည်းခံဖြတ်သန်းရန် ဟေဗြဲစာစောင် ရေးသူက အားပေးနေခြင်းပင် ဖြစ်သည်။ ထို့ကြောင့်ပင် သူ့ဝေါဟာရ အချို့သည် အလွန်ပင် နူးညံ့ဖြည်းညှင်းပြီး အနူးအညွတ် တောင်းပန်သည့်သဘော၊ အားပေးသည့် သဘော ရှိသကဲ့သို့ အချို့သော စကားများမှာမူ အတော်ပင် တဲ့တိုးကျပြီး ထိရှကာ ထိတ်လန့်ကြောက်ရွံ့ဖွယ်ကောင်းလှသည်။ ထိုအချက်သည် ဟေဗြဲ အခန်းကြီး ၂ လောက်မှာပင် စောစီးစွာ အစပြုသည်။ "အကယ်၍ ဓမ္မဟောင်း သန့်ရှင်းသူတို့ ရှေ့လျှောသွားခဲ့ပါလျှင်၊ သခင်ယေရှုကို သိက္ခမ်းသော၊ ပဋိညာဉ်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

တရားသစ်၏ အမွေခံများ ဖြစ်ကြသော ကျွန်ုပ်တို့သည် ကျွန်ုပ်တို့အား ပေးသနားတော်မူသော ကြီးမြတ်လှသည့် ကယ်တင်ခြင်းကို ဥပေက္ခာပြုမည်ဆိုလျှင် မည်မျှပို၍ အန္တရာယ်ရှိပါသနည်း" ထို တင်ပြပုံမျိုးသည် အခိုင်အမာရှိပြီးသား စိတ်ချယုံကြည်ဖွယ် အထောက်အထားပေါ် အခြေခံသော၊ မထင်မရှား ဖြစ်စေကာမူ ထပ်မံ အဆိုပြုလိုသည့်၊ ပထမ အဆိုထက်လည်း ပိုသေချာသည့် ဒုတိယ အာဘော်တစ်ခုကို တင်ပြပုံမျိုး ဖြစ်သည်။ “ဤသို့ ဖြစ်လျှင် နောက်ထပ် မည်မျှလောက်ပို၍ ထိုသို့ ဖြစ်လိမ့်မည်နည်း” ဟူ၍ အကြိမ်ကြိမ် ထပ်ကာ ထပ်ကာ ဆက်လက် ပြဆိုခြင်း ဖြစ်သည်။ ထို့အပြင် ဟေဗြဲ အခန်းကြီး ၆ နှင့် အခန်းကြီး ၁၀ တို့တွင် “ယုံကြည်ခြင်းကို စွန့်ပယ်ခြင်း” အဖြစ် ကိုးကားဖော်ပြလေ့ ရှိသည့် ကျမ်းချက် နှစ်ခု ရှိသည်။ ၎င်းတို့သည် ခရစ်တော်၌ အလေးအနက် ယုံကြည်ပါသည်ဟု ဝန်ခံခဲ့ပြီးနောက် အချိန်အတိုင်းအတာတစ်ခုထိ နောက်တော်သို့ လိုက်ခဲ့ပုံ ရပြီးမှ ပျက်ဆီးပျောက်ကွယ်သွားကြသူတို့၏ အန္တရာယ်ကို သတိပေးနေသည်။ သို့ဖြစ်၍ ဓမ္မဟောင်း ဇာတ်ကြောင်းကို ဖတ်ရှုရာ၌ပင် ဟေဗြဲ အခန်းကြီး ၃ အဆုံးမှာ ပါရှိသလို အဲဂုတ္တုမှ ကယ်နှုတ်ခံရ၍ ကျွန်ဘဝမှ လွတ်မြောက်ခဲ့သော်လည်း သည်းခံဖြတ်သန်းခဲ့ခြင်း မရှိသောကြောင့် ကတိတော်နယ်မြေထဲ မည်သည့်အခါကမျှ မဝင်ခဲ့ရသည့် ဓမ္မဟောင်း ယုံကြည်သူများလို မဖြစ်စေဖို့ စာရေးသူက ဆိုထားသည်။ သူတို့သည် တောကန္တာရထဲ ပျက်ဆီးပျောက်ကွယ်သွားခဲ့ကြသည်။ မျိုးဆက်တစ်ခုလုံးသည် အနည်းနှင့် အများ ပယ်ရှင်းသုတ်သင် ခံခဲ့ကြရသည်။ သို့ဖြစ်၍ ခွန်အားပေးဖို့ သူ့ကို စေ့ဆော်တိုက်တွန်းသည့်အရာသည် နူးညံ့ပြီး ပိုက်ပွေ့ဖွယ် ကောင်းရုံမျှ မကဘဲ နွေးထွေးမှုနှင့် ခွန်အားပေးမှုတို့ပါ ရှိနေကြောင်း ပြသသည့် သိုးထိန်းအမှုတော်ဆိုင်ရာ တူညီ ပုံစံများ ဖြစ်ကြသည်။ သို့တစေ ဤအရာသည် အရေးကြီးသော ကိစ္စတစ်ခု ဖြစ်ပြီး ထိုအရာနှင့် သင် ကရော်ကမည် လုပ်ချင်စိတ် ပေါ်မလာအောင် ခြိမ်းခြောက်မှုနှင့် သတိပေးချက်လည်း ဖြစ်သည်။

**Dr D. A. Carson**

# နိဂုံး

---

ဤ ဟေဗြဲစာစောင် ၏ နောက်ခံသမိုင်းနှင့် ရေးသားရခြင်း ရည်ရွယ်ချက် အကြောင်း သင်ခန်းစာထဲတွင် ဟေဗြဲစာစောင်၏ စာရေးသူ၊ ပရိသတ်နှင့် ရေးသားချိန် အပါအဝင်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

နောက်ခံသမိုင်းကြောင်းကို ကျွန်ုပ်တို့ လေ့လာခဲ့ကြပြီး ဖြစ်သည်။ ဒေသန္တရ ဂျူးလူ့အဖွဲ့အစည်း၏ သွန်သင်ချက်များမှ ပြန်လှည့်၍ ယေရှုသည် မေရှိယ ဖြစ်သည်ဆိုသည့်အပေါ် သူတို့ ၏ သစ္စာခိုင်မှုကို ပြန်လည်အတည်ပြုရန် သူ့ပရိသတ်အား ဆုံးမဩဝါဒပေးဖို့ သူ့စာစောင်ကို စာရေးသူက မည်သို့ ရေးခဲ့ကြောင်း လေ့လာဖော်ထုတ်ခြင်းဖြင့် ဟေဗြဲစာစောင် ၏ မူလ ရည်ရွယ်ချက်အပေါ်မှာ ကျွန်ုပ်တို့ စူးစိုက်ခဲ့ကြပြီး ဖြစ်ပါသည်။

ဟေဗြဲဩဝါဒစာသည် ဓမ္မသစ်ကျမ်းထဲတွင် အခက်ခဲဆုံး စာစောင် တစ်ခု ဖြစ်သည်။ စာစောင်က ပေးသည့် အကြောင်းအရာသည် များလွန်းရကား ၎င်း သွန်သင်ထားသမျှထဲမှ အနည်းငယ်မျှထက်ပို၍ မည်သည့်အခါမျှ ကျွန်ုပ်တို့ ဖော်ထုတ်နိုင်မည် မဟုတ်ပါ။ သို့တစေ အဆိုပါ ခက်ခဲ ရှုပ်ထွေးသော သွန်သင်ချက်များမှ ကျွန်ုပ်တို့ အကျိုးကျေးဇူး ရရှိနိုင်ကြပါသည် ယနေ့ခေတ် ကျွန်ုပ်တို့ ခရစ်တော် နောက်လိုက်များ အနေဖြင့်လည်း ယေရှုအပေါ်ထားရှိသည့် ကျွန်ုပ်တို့ ၏ ဝန်ခံအပ်နှံမှုကို အပေးအယူလုပ်၍ ဤဘဝ ဒုက္ခဆင်းရဲများကို ရှောင်ရှားလိုသည့် သွေးဆောင်မှုများ ကြုံကြရသည်။ သို့သော် ဟေဗြဲစာစောင် ရေးသူက သူ့မူလ ပရိသတ်ကို မည်သို့ အရေးတကြီး အလျင်စလို ဆုံးမဩဝါဒပေးခဲ့သည် ဆိုသည်ကို နှလုံးသွင်းဖို့ ကျွန်ုပ်တို့ နှလုံးသားများကို ဖွင့်ထားမည် ဆိုပါက မည်သို့သော ဆန့်ကျင်ဆီးတားမှုမျိုးကို ကျွန်ုပ်တို့ ကြုံရပါလေစေ၊ ကျွန်ုပ်တို့၏ ယုံကြည်ခြင်း၌ ကျွန်ုပ်တို့ အခိုင်အမာ ရပ်တည်ရေးသည် မည်မျှ အရေးကြီးကြောင်း ကျွန်ုပ်တို့ တွေ့ကြရမည် ဖြစ်ပါတော့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။